မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၈ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူ မစ္စတာဒီမီထရီ မက်ဗီဒက်(ဖ်) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ယခုဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံနှင့်ပြည်သူများအတွက် အကောင်းဆုံးနှင့်အသင့်မြတ်ဆုံးဖြစ်

မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုကို အောင်မြင်သည်ထက်အောင်မြင်အောင် ဝိုင်းဝန်းကူညီသင့်

သို့မှသာ မြန်မာပြည်သူများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ၊ ဆန္ဒကျင်ဘက်အဖွဲ့များ လိုလားနေသည့်

ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံးရောက်ရှိအောင်မြင်အောင် ဖော်ဆောင်နိုင်မှာဖြစ်

ကန့်ကွက်၊ ပိတ်ဆို့၊ ဟန့်တားမှုတွေပြုလုပ်နေလျှင် ဒီမိုကရေစီပန်းတိုင်ကို ဝေးသည်ထက်ဝေးသွားနိုင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီတွေ့ဆုံ

နေပြည်တော် မတ် ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် ယနေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုယ်စား ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari အား မြန်မာနိုင်ငံ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၈ ရက်)

ရထားလမ်းမကြီးများ တိုးချဲ့ဖောက်လုပ်မှု ဒေသဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြု

နိုင်ငံတော်က နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်း၊ ကားလမ်းနှင့်အတူ တံတားကြီး၊တံတားငယ်များကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ ကြံခင်း-ပခုက္ကူ ရထားလမ်းကို ကြံခင်း-သရက်လမ်းပိုင်း၊ သရက်-ပွင့်ဖြူလမ်းပိုင်း၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်းဟူ၍ အပိုင်းသုံးပိုင်းခွဲပြီး ဖောက်လုပ်လျက်ရှိရာ ကြံခင်း-သရက်လမ်းပိုင်း၌ ပါဝင်သော ကြံခင်း-ဥသျှစ်ပင် ရထားလမ်းပိုင်းဖွင့်ပွဲကို မတ်လ ၁ရက်နေ့က ကျင်းပခဲ့သည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံခင်း-ပခုက္ကူ ရထားလမ်းကို ဖောက်လုပ်လျက်ရှိရာ လမ်းပိုင်းများအားလုံး ပြီးစီးသွားပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ စစ်ကိုင်းတိုင်း ကလေးမြို့အထိ ရထားဖြင့် တောက်လျှောက်သွားလာနိုင်မည် ဖြစ်သည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းကို ဆက်စပ်ဖောက်လုပ်ပေးနိုင်ခြင်းဖြင့် ပုသိမ်-ကြံခင်း ရထားလမ်း၊ ပခုက္ကူ-ကလေးရထားလမ်းတို့နှင့် ဆက်စပ်ပြီး ပုသိမ်-ကြံခင်း- ပခုက္ကူ-မုံရွာ-ရွှေဘိုနှင့် မြစ်ကြီးနားအထိ ရထားဖြင့်သွားလာနိုင်မည် ဖြစ်သည်။

အဆိုပါ ရထားလမ်းမကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်သည်နှင့်အမျှ ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ်မှု လွယ်ကူလာပြီး တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ ပုသိမ်-ကြံခင်း-ပခုက္ကူ-ကလေး ရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း တို့၏ နယ်မြေဒေသများကို ဆက်စပ်ဖြတ်သန်း ဖောက်လုပ်ထားသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှု ပိုမိုတိုးပွားစေမည် ဖြစ်သည်။

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှုကို အထောက်အကူပြုမည့် ရထားလမ်းမကြီးများအား အပိုင်းလိုက် တိုးချဲ့ဖောက်လုပ်ပေးလျက် ရှိရာ နိုင်ငံတစ်ဝန်း တည်ဆောက်ဆဲ ရထားလမ်းပိုင်းများ အမြန်ပြီးစီးဖွင့်လှစ်နိုင်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြု လာမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်နေ ဗိုလ်ကြီး ချစ်ကြွယ်(ငြိမ်း) ဦးဆောင်သော တိ=နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့ အကျိုးဆောင်များနှင့် အလှူရှင်(၇၂)ဦး ကောင်းမှုအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၂သိန်းကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက် ၁၇/သစ္စာလမ်း ၆ လွှာနေ ဦးတင်အေး-ဒေါ်စန်းတင်နှင့် အစ်ကိုကြီး ဦးလှမြင့်တို့အား ရည်စူး၍ ဒေါ်အေးအေးမော်က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း ဘောင်းကျကျေးရွာတွင် ရှင်အပါး၁၀၀နှင့် သီလရှင်အပါး၃၀၀ပြုပွဲ ကျင်းပမည်

ရန်ကုန် မတ် ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တဝိမလ နှင့် ခမည်းတော် ဦးစံဝင့်-မယ်တော် (ဒေါ်ရွှေ) မိသားစုတို့က ဦးဆောင်၍ စစ်ကိုင်းတိုင်း အရာတော်မြို့နယ် ဘောင်းကျကျေးရွာ၌ ရှင်အပါး၁၀၀ ရှင်ပြုပွဲနှင့် သီလရှင်အပါး ၃၀၀ပြုပေးပွဲ အခမ်းအနားကို မတ် ၁၅ရက်နှင့် ၁၆ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပထမအကြိမ်

အဆိုပါ အခမ်းအနားကို ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံ မတည်ပြီး ပထမအကြိမ်အဖြစ် အလှူမင်္ဂလာပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီ၏ ဓမ္မသဘင်

ရန်ကုန် မတ် ၇

မြောက်ဥက္ကလာပမြို့နယ်မယ်လမု ဘုရားအနီး ဓမ္မသိင်္ဂီ ပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိ သာသနာ့ရိပ်သာတို့၏ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း ပြည်ပ သာသနာပြုဓမ္မကထိက ပျော်ဘွယ် အရှင်ဝိသုဒ္ဓရုံသီသည် မတ် ၁၆ရက်နှင့် ၁၇ရက် ညများတွင် ကျုံမငေး မြို့ မြတ်စွယ်တော် ဗုဒ္ဓပူဇနိယ အကြို တရားပွဲ၊ ၁၈ရက်ညတွင် မုံရွာအရှင် ဝိသုတ၏ဓမ္မကထိကဗဟုဇနဟိတရေ ဂုဏဝိသိဋ္ဌပူဇာသဘင် အကြိုတရားပွဲ၊ ၁၉ရက်တွင် မြောက်ဥက္ကလာပ မွေးနေ့ အလှူ အနုမောဒနာတရားပွဲ၊ ၂၁ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထက-၄ လူငယ် တရားစခန်းပွဲ အဖွင့်တရားပွဲ၊ ၂၂ရက်တွင်ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက-၄တွင် မွန်းလွဲ ၁နာရီ တရားပွဲနှင့် ည၇နာရီ တရားပွဲ၊ ၂၃ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက-၄ ညတရားပွဲ၊ ၂၄ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက-၄ နေ့တရားပွဲ၊ ၂၅ရက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အထက-၄ နေ့တရားပွဲနှင့် ညတရားပွဲ၊ ၂၆ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထက-၄ နေ့တရားပွဲ၊ ၂၇ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အထက-၄ နေ့တရားပွဲနှင့်ညတရားပွဲ၊ ၂၈ရက်တွင် လက်ပံတန်းမြို့ ဇီးဖြူကုန်း ညတရားပွဲတို့ကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲ

ရန်ကုန် မတ် ၇

၂၀၀၈ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော မွန်ပြည်နယ်မှ ဆရာတော်ကြီး(၁၃)ပါးတို့အား ဂုဏပူဇာပူဇော်ပွဲကို မတ်၂၂ရက်(စနေနေ့) ညနေ ၄နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် မော်လမြိုင်ဓမ္မာရုံဖုန်း-၂၅၆၁၅၇နှင့်သက်ဆိုင်ရာ မြို့နယ်အသင်းများမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၈-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၅	၄။	ကျန်းမာသုတ
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၅၀	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၇၉)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	လူရွှင်တော်ရွှေဖလား
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက် သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၃၉)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မတ် ၇

မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ(မိုးဃ်ကောင်း)အရှင်စန္ဒိမာဝံသ အရှင်သူမြတ်က မကွေးတိုင်း မင်းဘူး စကုမြို့နယ် ချောင်းဖြူ ကျေးရွာအဖွဲ့ခွဲ-၃၀၄တွင်မတ်၉ရက်မှ၁၅ရက်အထိ၊ ရန်ကုန်တိုင်း တွံတေးမြို့နယ် လက်ပံကျေးရွာတွင် မတ် ၁၈ရက်မှ ၂၄ရက်အထိ၊ ပဲခူးတိုင်း နတ်တလင်းမြို့နယ် ဆည်ကန်ကျေးရွာတွင် မတ်၂၇ရက်မှဧပြီ ၅ရက်အထိ တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ပေါင်မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၁၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဌေးက စတုတ္ထတန်း ပထမဆုရ မသဲထက်ဆုအား ဆုချီးမြှင့်စဉ်။ (က-ပ)

*** ရှေ့ဖုံးမှ**

ရှင်းလင်းပြောကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ မြန်မာနိုင်ငံ အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်များ

အဆွေတော်နဲ့အဖွဲ့ဝင်များကို လှိုက်လှဲစွာကြိုဆိုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ခရီးစဉ်ကို မူလက ဧပြီလမှာလက်ခံရန် စီစဉ်ထားခဲ့ပါတယ်။ သို့သော်လည်း အထွေထွေအတွင်းရေးမှူးချုပ်က အစောဆုံး စေလွှတ်လိုပါကြောင်း ညှိနှိုင်းလာတဲ့အတွက် အဆွေတော်တို့ရဲ့ဆန္ဒကို အလေးထားသောအားဖြင့် အခုလိုမတ်လဆန်းမှာ လက်ခံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီခရီးစဉ်အတွင်းမှာ တွေ့ဆုံခွင့်တောင်းခံထားသူများနဲ့ တွေ့ဆုံနိုင်အောင်လည်း စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ အဆွေတော်အနေနဲ့ မနေ့က နိုင်ငံခြားရေးဝန်ကြီး၊ သံတမန်အဖွဲ့များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်အဖွဲ့များ၊ ICRC ကိုယ်စားလှယ်တို့နဲ့ တွေ့ဆုံခွင့်ရခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော်တို့နဲ့ တွေ့ဆုံပြီးနောက်မှာ ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်နဲ့လည်းကောင်း၊ နောက်ရက်တွေမှာလည်း တွေ့သင့်တွေ့ထိုက်သူများနဲ့ တွေ့ဆုံနိုင်အောင် စီစဉ်ပေးထားပါတယ်။

အဆွေတော် သိပြီးဖြစ်တဲ့အတိုင်း ကျွန်တော်တို့အဖွဲ့ဟာ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရဲ့ အာဏာကုန်လွှဲအပ်ထားခြင်းခံရတဲ့ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့ဖြစ်တာကြောင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

အထူးပင်ကျေးဇူးတင်

ယခုခရီးစဉ်မတိုင်မီ ဖေဖော်ဝါရီလ ၁၉ရက်နေ့ ရက်စွဲနဲ့ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံမှ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံကို စာတစ်စောင်ပေးပို့ခဲ့ပါတယ်။ အဲဒီစာမှာ အဆွေတော်ရဲ့ ပြီးခဲ့တဲ့ ခရီးစဉ်နှစ်ခုနောက်ပိုင်း မြန်မာနိုင်ငံဘက်က အပြုသဘောဆောင်သော တိုးတက်မှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုမည်ဟုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကျင်းပမည်ဟုလည်းကောင်း၊ ကြေညာချက်နှင့် ပတ်သက်၍ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု၌ အချိန်ဇယားချပေးခြင်းဖြစ်သည့်အတွက် အသိအမှတ်ပြုပါကြောင်း ဖော်ပြပါရှိပါတယ်။ ယခုလို ကြိုဆိုအသိအမှတ်ပြုတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒါ့အပြင် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့စာမှာ ကျွန်တော်တို့နိုင်ငံနဲ့ပတ်သက်လို့ အဓိကအချက်(၅)ရပ်ကို ဆွေးနွေးရန် တိုက်တွန်းထားတာကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါ အချက်(၅)ရပ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်က သဘောထားနဲ့ ဆောင်ရွက်မှုအခြေအနေများကို ဦးစွာရှင်းလင်းပြောကြားလိုပါတယ်။ ပထမဆုံးအချက်ကတော့ မြန်မာနိုင်ငံသို့ ပုံမှန်လာရောက်နိုင်ရေး၊ ခရီးစဉ်အစီအစဉ် Flexibility ရှိရေးတို့အပါအဝင် ထိတွေ့မှုလုပ်ငန်းစဉ် ပုံမှန်ဖြစ်စေရေးနဲ့ အဆွေတော်ရဲ့ရုံးမှ ဝန်ထမ်းတစ်ဦးကို ရန်ကုန်တွင် နေခွင့်ပြုရေးကိစ္စရပ်တို့ ဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်ပြီး ယခင်အခေါက်တွေတုန်းကလည်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။

အဆွေတော်လာရောက်ဖို့ အဆိုပြုဆက်သွယ်ညှိနှိုင်းလာမယ်ဆိုရင် ကျွန်တော်တို့ဘက်ကလည်း တာဝန်ရှိသူများရဲ့ အလုပ်တာဝန်၊ အချိန်ပေးနိုင်မှုအပေါ် မူတည်ပြီး နှစ်ဖက်ညှိနှိုင်း ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ Flexibility ရှိရေးအတွက်လည်း အဆွေတော် တွေ့ဆုံခွင့်တောင်းခံထားတဲ့ပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများအနက် ခွင့်ပြုပေးနိုင်တဲ့၊ တွေ့သင့်တွေ့ထိုက်သူအားလုံးကို အဆင်ပြေပြေ တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးထားပါတယ်။ အဆွေတော်ရဲ့ ဝန်ထမ်းတစ်ဦး ရန်ကုန်မြို့မှာ ရုံးထိုင်ခွင့်ရရှိရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ အများအပြား ရုံးစိုက်ပြီးဖြစ်တဲ့အပြင် ဌာနေကိုယ်စားလှယ်များလည်း ခန့်ထားပြီးဖြစ်ပါတယ်။ အဲဒီရုံးဌာန၊ ဝန်ထမ်းများကတစ်ဆင့် ကုလသမဂ္ဂရုံးအနေနဲ့ ကျွန်တော်တို့ဆီကို လွယ်လင့်တကူ ဆက်သွယ်ဆောင်ရွက်နိုင်ပါတယ်။ အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့လည်း တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်သွားနိုင်ပါတယ်။ ဒါကြောင့် ရန်ကုန်မှာ အဆွေတော်ရဲ့ ဝန်ထမ်းတစ်ဦး ထပ်မံခန့်ထားရန် မလိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ပါဝင်တက်ရောက်ခဲ့

မစ္စတာဘန်ကီမွန်းရဲ့စာပါ ဒုတိယအချက်ကတော့ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်မှာ မြန်မာပြည်သူအားလုံးရဲ့ သဘောထား ပိုမိုပါဝင်ရေးအတွက် အစီအမံများ ချမှတ်ပေးရေးပဲဖြစ်ပါတယ်။ ဒီအချက်ကိုရှင်းပြရရင် အခုအခါ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးဖြစ်လို့ ထပ်မံပြင်ဆင်ရေးသားရန်မဖြစ်နိုင်ပါ။ ပြည်သူအများစုကလည်း ထိုသို့ဆောင်ရွက်ရန် တောင်းခံခြင်းမရှိပါ။ သို့သော် အခြေခံဥပဒေရေးဆွဲရန်အတွက် လိုအပ်တဲ့အခြေခံမှုနဲ့ အသေးစိတ်အခြေခံရမယ့်မူတွေ ညှိနှိုင်းဆွေးနွေးချမှတ်စဉ်က ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေ အကျယ်ပြန့်ဆုံး ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ညီလာခံမကျင်းပမီ NLD အပါအဝင် ရွေးချယ်ခံထားရသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များပါဝင်တဲ့ ညှိနှိုင်းအစည်းအဝေးများမှာ အကျေအလည် ညှိနှိုင်းဆွေးနွေးပြီး အားလုံးရဲ့ သဘောတူညီချက်နဲ့ အမျိုးသားညီလာခံကို ၁၉၉၃ခုနှစ်မှာ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ စတင်ကျင်းပစဉ်ကတည်းက NLD အပါအဝင် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသူများ၊ တိုင်းရင်းသားလူမျိုးများအပြင် ပြည်သူလူထု လူတန်းစားအလွှာစုံကို ကိုယ်စားပြုတဲ့ အစုအဖွဲ့ ၈ ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

လမ်းခွဲထွက်

သို့သော် NLD အနေနဲ့ အများစုရဲ့ဆန္ဒသဘောထားကို ဦးစားပေးခြင်းဆိုတဲ့ ဒီမိုကရေစီရဲ့အနှစ်သာရကို လက်မခံနိုင်ဘဲ ၁၉၉၅ခုနှစ် နိုဝင်ဘာလမှာ ညီလာခံကနေ ၎င်းတို့သဘောဆန္ဒအလျောက် ဆန့်ကျင်ထွက်ခွာသွားခဲ့ပါတယ်။ ကျန်ရှိသော ကိုယ်စားလှယ်များက အရှိန်မပျက် ဆက်လက်ဆောင်ရွက်ခဲ့ပြီး ၁၉၉၆ခုနှစ်မှာ အမျိုးသားညီလာခံကို ယာယီအားဖြင့် ရပ်ဆိုင်းခဲ့ရပါတယ်။ **တကယ်တော့ NLD ဟာ ၎င်းတို့ပါတီရဲ့ သဘောထားရပ်တည်ချက်များကို တင်ပြဆွေးနွေး ညှိနှိုင်းခွင့်ရရှိခဲ့ပြီးဖြစ်သလို အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမယ့် အခြေခံမူ(၁၀၄)ချက်နဲ့ အသေးစိတ်အခြေခံရမယ့်မူအချို့ ချမှတ်ပြီးသည်အထိ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၄ခုနှစ် အမျိုးသားညီလာခံ ပြန်လည်ကျင်းပချိန်မှာ NLD ကို ထပ်မံဖိတ်ခေါ်ခဲ့ပါသေးတယ်။ သူတို့ဆန္ဒအလျောက် တက်ရောက်ရန် ငြင်းပယ်ပြီး အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်က လမ်းခွဲထွက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။**

ဒါ့အပြင် အမျိုးသားညီလာခံမှာ ပြည်သူအားလုံးရဲ့ဆန္ဒသဘောထားတွေ ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုပါဝင်နေတယ်ဆိုတာကို ပိုမိုထင်ရှားစွာ သိနားလည်နိုင်ရေးအတွက် ကိန်းဂဏန်းများနဲ့ ရှင်းပြလိုပါတယ်။ ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ကျင်းပခဲ့တဲ့ ညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၈၀ကျော်အထိ တိုးမြှင့်တက်ရောက်စေခဲ့ပြီး တိုင်းရင်းသား ကိုယ်စားလှယ်များကိုလည်း ၆၃၅ ဦးအထိ တိုးမြှင့်ပါဝင်စေခဲ့ပါတယ်။ ၃၂၅ မြို့နယ်နဲ့ အချိုးချကြည့်မယ်ဆိုရင် တစ်မြို့နယ်ကို အနည်းဆုံးတစ်ဦး၊ မြို့နယ်အများစုဟာ နှစ်ဦးနှုန်းအထိ တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခွင့် ရရှိခဲ့ပါတယ်။ ဒါကြောင့် ပြည်သူအားလုံးရဲ့ ဆန္ဒသဘောထား ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်တယ်ဆိုတာ အဆွေတော် သဘောပေါက်မယ်လို့ မျှော်လင့်ပါတယ်။

လွတ်လပ်စွာမဲပေးခွင့်

အခုဆိုရင် အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို အခြေခံပြီး အခြေခံဥပဒေမူကြမ်းကို ရေးဆွဲပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဥပဒေမူကြမ်းကို လာမယ့်မေလမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုတော့မှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး NLD အပါအဝင် ဆန့်ကျင်ဘက် ပြည်တွင်းပြည်ပ အင်အားစုအချို့က ကန့်ကွက်ပြောဆိုမှုတွေ ရှိနေပါတယ်။ ဒီမိုကရေစီသဘောအရ ပြည်သူ့ကိုယ်စားလှယ်အားလုံးက အလျှော့အတင်း ဝိရောဓိများကြားမှ အဖြေမှန်ရတဲ့အထိ တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ထားတာကို လွန်မြောက်သွားတဲ့ အခုလိုအချိန်ကျမှ ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးဖို့ ဘယ်လိုမှ မတောင်းဆိုသင့်တော့ပါဘူး။ ဘယ်လိုမှလည်း မဖြစ်နိုင်တော့ပါဘူး။ ဒါပေမယ့် အခြေခံဥပဒေမူကြမ်းကို ပြည်သူများရဲ့ အဆုံးအဖြတ်နဲ့ အတည်ပြုမှာဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ထောက်ခံသူရော၊ ဆန့်ကျင်သူများပါ ဥပဒေနဲ့အညီ လွတ်လပ်စွာ မဲပေးခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးရင် ထောက်ခံသူများရော၊ ဆန့်ကျင်သူများပါ သင့်လျော်တဲ့အချိန်မှာ ဆိုင်ရာဥပဒေများနဲ့အညီ ပါတီများထူထောင်ခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့် ရရှိကြမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော်များမှာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရမှာဖြစ်သလို လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များမှာလည်း ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ခွင့် ရရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီထက်ပိုပြီး All Inclusive ဖြစ်တာ မရှိနိုင်တော့ဘူးလို့ ပြောချင်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ကို ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အင်အားစုများက Time Frame မရှိဘူး၊ တမင်သက်သက် အချိန်ဆွဲနေတယ်ဆိုပြီး ဝေဖန်တိုက်ခိုက်ခဲ့ကြပါတယ်။ အမျိုးသားညီလာခံဟာ ၁၄နှစ် ကြာခဲ့ကြောင်း၊ နောက်ထပ် ၁၄နှစ် မစောင့်နိုင်တော့ကြောင်း ပြောဆိုခဲ့တာတွေလည်း ရှိခဲ့ပါတယ်။ ယခုအခါမှာ အစိုးရအနေနဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို မေလမှာပြုလုပ်ဖို့၊ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်မှာ ပြုလုပ်ဖို့ Time Frame ချမှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီလို တရားဝင်ကြေညာပေးလိုက်တော့လည်း အလျင်စလိုလုပ်တယ်၊ ရိုးသားမှုမရှိဘူး၊ ထင်သာမြင်သာ [Transparency] မရှိဘူးလို့ ဝေဖန်ကြပြန်ပါတယ်။ ကျွန်တော်တို့ဘက်က ဘယ်လောက်ပဲကောင်းအောင်လုပ်လုပ် အကောင်းမမြင်တာကို ကြည့်ခြင်းအားဖြင့် ၎င်းတို့ရဲ့ အတွင်းစိတ်သဘောထားက ဘာလဲဆိုတာကို သိမြင်နိုင်ပါတယ်။

ထင်သာမြင်သာ [Transparency] ရှိမှုနဲ့ပတ်သက်ပြီး ကျွန်တော်အကြိမ်ကြိမ် ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ညီလာခံကျင်းပစဉ်ကာလတစ်လျှောက်လုံးမှာလည်း သံတမန်တွေ၊ စစ်သံမှူးတွေ၊ နိုင်ငံခြားသတင်းထောက်တွေကို အခါအားလျော်စွာ ဖိတ်ခေါ်ပြီး လေ့လာခွင့်ပြုခဲ့တာလည်း အဆွေတော်အသိပါပဲ။ ညီလာခံမှာ အပြန်အလှန် ဆွေးနွေးကြတာတွေ၊ ဆုံးဖြတ်ကြတာတွေကို နေ့စဉ် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာများမှာ ထုတ်လွှင့်ဖော်ပြပေးခဲ့တဲ့အပြင် ချမှတ်ခဲ့တဲ့ အခြေခံမူ၊ အသေးစိတ်အခြေခံရမယ့်မူများ အားလုံးကိုလည်း တစ်ခန်းချင်းအလိုက် သတင်းစာများမှာ အပြည့်အစုံ ဖော်ပြပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်ဖို့အတွက် အခြေခံမူများကို စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ အခြေခံဥပဒေမူကြမ်းကို စာအုပ်အဖြစ်ပုံနှိပ်ပြီး ပြည်သူများအကြား ထပ်မံဖြန့်ဝေပေးဦးမှာလည်း ဖြစ်ပါတယ်။

လမ်းဖွင့်ပေးထား

တတိယအချက်ကတော့ အစိုးရနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား ထိရောက်မှုရှိတဲ့၊ အချိန်သတ်မှတ်ချက်ရှိတဲ့၊ ကုလသမဂ္ဂ အပါအဝင် အားလုံးပါဝင်တဲ့ ဆွေးနွေးမှုတစ်ခုဖြစ်စေရေးဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ အမျိုးသားညီလာခံဟာ အကျယ်ပြန့်ဆုံးနဲ့ အနှစ်သာရအရှိဆုံး နိုင်ငံရေးဆွေးနွေးမှုပဲဖြစ်ပါတယ်။ ယနေ့အခါမှာ အဆွေတော်တို့ရဲ့ အကြံပြုချက်များနဲ့အညီ ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါတယ်။ **အဆွေတော်သိပြီးဖြစ်တဲ့အတိုင်း ကြေညာချက်အမှတ် (၁/၂၀၀၇)ကို ထုတ်ပြန်ပြီး ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ မြန်မာနိုင်ငံအား စီးပွားရေးအဆက်အသွယ် ဖြတ်တောက်ရေး အပါအဝင် အလုံးစုံပိတ်ဆို့ရေးစတဲ့ ဆောင်ရွက်ပိတ်ဆို့မှု ၄ချက်ကို စွန့်လွှတ်ကြောင်း ကြေညာရန်နှင့် အဲဒီလိုကြေညာမယ်ဆိုရင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုက်ရိုက်တွေ့ဆုံမယ်လို့ ကြေညာထားပြီး ဖြစ်ပါတယ်။ အဲဒီကြေညာချက်ဟာ လက်ရှိအခြေအနေအားလုံးရဲ့ အခြေခံပဲဖြစ်ပါတယ်။ Win- Win Situation အတွက် ဖန်တီးလမ်းဖွင့်ပေးထားခြင်းပဲ ဖြစ်ပါတယ်။**

ဒါပေမယ့် NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့က သူမအနေနဲ့ ဒီပိတ်ဆို့ရေး ၄ ချက်ကို မလုပ်ခဲ့ဘူး၊ ဒါကြောင့် ကြေညာမပေးနိုင်ဘူးလို့ပဲ တုံ့ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပိတ်ဆို့ရေး ၄ချက်အတွက် ပြောခဲ့တာတွေ၊ ရေးခဲ့တာတွေ၊ နိုင်ငံတကာအထိ အကူအညီတောင်းခဲ့တဲ့ သာဓကတွေ ကျွန်တော်တို့ဆီမှာ အများကြီးရှိပါတယ်။ ဒါတွေကို မြန်မာပြည်သူတွေကသာမက ကမ္ဘာကပင် သိထားပြီးဖြစ်ပါတယ်။ ဒီလိုငြင်းဆန် တုံ့ပြန်ခြင်းဟာ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ သူတို့တောင်းဆိုလိုလားချက်တွေမရရင် အဲဒီပိတ်ဆို့ရေးလက်နက်တွေကို ပြန်လည်ကိုင်စွဲကျင့်သုံးမယ်လို့ ခံယူထားကြောင်း သက်သေပြနေတာပါပဲ။ ဒါကြောင့် Win- Win Situation အတွက် ကျွန်တော်တို့ဘက်က အခြေအနေဖန်တီးလမ်းဖွင့်ပေးခဲ့ပေမယ့် လက်မခံဘဲ ငြင်းဆန်တုံ့ပြန်ခဲ့တာဟာ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့သာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အတိအလင်းပြောကြား

စတုတ္ထအချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားရှိတဲ့ ကန့်သတ်ချက်များ လျှော့ပေးရေး၊ လွှတ်ပေးရေးနဲ့ အခြားနိုင်ငံရေးအကျဉ်းသားများကိုလည်း လွှတ်ပေးရေးပဲ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ဆီမှာ နိုင်ငံရေးအကျဉ်းသား လုံးဝမရှိပါဘူး။ တည်ဆဲဥပဒေတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်လို့ ဥပဒေနဲ့အညီ ပြစ်ဒဏ်ကျခံနေရသူတွေသာ ရှိပါတယ်။ သို့သော် အဆွေတော်တို့ရဲ့ မေတ္တာရပ်ခံမှုကို အလေးထားပြီး ပြစ်ဒဏ်ကျခံနေရသူများအနက်မှ ခွင့်လွှတ်နိုင်တဲ့သူ၊ ခွင့်လွှတ်သင့်တဲ့သူတွေကို လွှတ်ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိအကျဉ်းသားများအားလုံးဟာ ပြစ်မှုတစ်ခုခုကို ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ကျခံနေရသူများသာဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများမဟုတ်ကြောင်း အတိအလင်း ပြောကြားလိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပေါ်ထားရှိတဲ့ ကန့်သတ်ချက်များ လျှော့ချပေးရေးနဲ့ ပတ်သက်လို့ ပြောရမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးအန်တုမှုလုပ်ဆောင်ချက်များဟာ နိုင်ငံတော်အတွက် အန္တရာယ်ရှိလာခဲ့တာကြောင့် နေအိမ်မှာတားဆီးခဲ့ရခြင်း ဖြစ်ပါတယ်။ တားဆီးမိန့်နဲ့ရှိနေစဉ်အတွင်း အပြန်အလှန်နားလည်မှု တည်ဆောက်ပြီး ပထမအကြိမ် တားဆီးမိန့်ကို ရုပ်သိမ်းပေးခဲ့ပါတယ်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်ဟာ နောက်တစ်နေ့မှာပဲ သတင်းစာ ရှင်းလင်းပွဲပြုလုပ်ပြီး **“အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးနဲ့ အလုံးစုံပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရမယ်”** လို့ ကြွေးကြော်ပြီး ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးမူဝါဒကို ကိုင်စွဲဆောင်ရွက်လာခဲ့ပါတယ်။ တစ်ဆက်တည်း အမျိုးသားညီလာခံကို ထိပါးပုတ်ခတ်မှုတွေ ပြုလုပ်ခဲ့ရုံသာမက NLD ပါတီကို ညီလာခံက ကျောခိုင်းထွက်ခွာသွားစေတဲ့အထိ ဆန့်ကျင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် လွှတ်တော်ခေါ်ယူရေးတောင်းဆိုချက်ကို တိုက်ပွဲအသွင် ဖော်ဆောင်ပြီး မိမိအစီအစဉ်နဲ့ ဇွတ်အတင်း လွှတ်တော်ခေါ်ရန် ကြိုးပမ်းမှုတွေလည်း ရှိခဲ့ပါတယ်။ နောက်ဆုံး ၎င်းရဲ့လုပ်ရပ်တွေဟာ အန္တရာယ်အလွန်ကြီးမားပြီး ဘယ်လိုမှ ထိန်းသိမ်းလို့မရနိုင်တော့တဲ့အတွက် ဒုတိယအကြိမ် တားဆီးမိန့် ထုတ်ပြန်ခဲ့ရပြန်ပါတယ်။

ယခင်လမ်းဟောင်း

ဒုတိယအကြိမ် တားဆီးကန့်သတ်ထားစဉ်ကာလအတွင်း နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့အဖွဲ့က လေးကြိမ်၊ ဝန်ကြီးများပါဝင်တဲ့အဖွဲ့က အကြိမ်၂၀တိုင်တိုင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက်အချို့နဲ့ ပြေလည်မှုရရှိလို့ တားဆီးမိန့်ကို ဒုတိယအကြိမ် ထပ်မံရုပ်သိမ်းပေးခဲ့ပြန်ပါတယ်။ နှစ်ဖက်သဘောတူညီချက်နဲ့အညီ ပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများကို လေ့လာသိရှိနိုင်အောင် ပို့ဆောင်ပြသပေးခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အစပိုင်းကာလတွေမှာ မူလသဘောတူညီချက်အတိုင်း မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ယခင်လမ်းဟောင်းအတိုင်း ပြန်သွားဖို့ ကြိုးပမ်းခဲ့ပြန်ပါတယ်။ ပါတီစည်းရုံးရေးလုပ်ငန်းကို အကြောင်းပြပြီး အခြေအနေရှုပ်ထွေးအောင် ဖန်တီးခဲ့တဲ့အပြင် ဒေသခံပြည်သူတွေနဲ့ပါ ရန်းရင်းဆန်ခတ်ပြဿနာတွေအထိ ဖြစ်ပွားလာတဲ့အတွက် ယခုကဲ့သို့ တတိယအကြိမ် တားဆီးကန့်သတ်ခဲ့ရတာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ထပ်လောင်းပြောကြား

ယနေ့အချိန်ဟာ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် အလွန်အရေးကြီးချိန်ဖြစ်တာနဲ့အညီ နိုင်ငံတည်ငြိမ်အေးချမ်းမှုဟာ တကယ့်ကို မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့အပြင် ယနေ့ပြည်သူတစ်ရပ်လုံးမှာ အဓိကလိုလားချက်(၃)ရပ်ရှိတယ်လို့ မြင်မိပါတယ်။ နံပါတ်(၁)ဆန္ဒက ပြည်သူတိုင်းဟာ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်တာကို အမှန်တကယ်မြင်ချင်သလို အဲဒီဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ မိမိတို့မိသားစုရဲ့ စားဝတ်နေရေးနဲ့ လူနေမှုဘဝ မြင့်မားလိုကြပါတယ်။ နံပါတ်(၂)ဆန္ဒကတော့ ဒီနေ့ပြည်သူဟာ ဆန္ဒပြမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ဆူဆူပူပူ ရုတ်ရုတ်သဲသဲကြားမှာ မနေလိုတော့ပါဘူး၊ ကိုယ်စီဘဝ လုံခြုံစိတ်ချရတဲ့ အေးချမ်းတည်ငြိမ်မှုမျိုးကိုပဲ လိုလားပါတယ်။ နံပါတ်(၃)ဆန္ဒကတော့ ယနေ့ပြည်သူဟာ ဥပဒေနဲ့အညီ

စာမျက်နှာ ၈ ကော်လံ ၁

8-3 (03) 1 3/8/08, 2:05 AM

ပြင်သစ်၊ ကာတာနှင့် အာရပ်စော်ဘွားများပြည်ထောင်စု သမ္မတနိုင်ငံတို့ အဘူဒါဘီသဲကန္တာရအတွင်း ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေသည့်မြင်ကွင်းကို မတ် ၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆီးရီးယားမြို့တော် ဒမတ်စကတ်၌ အစ္စရေးဆန့်ကျင်ရေးဆန္ဒပြ အစ္စရေးတို့ ရာဇဝတ်မှုများကျူးလွန်နေဟု ဆန္ဒပြသူများကြွေးကြော်

ဒမတ်စကတ် မတ် ၇

ဆီးရီးယားမြို့တော် ဒမတ်စကတ်မြို့၌ မတ် ၃ရက်တွင် အစိုးရက ကြီးမှူးကျင်းပသည့် အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ကြွေးကြော်

ယင်းဆန္ဒပြပွဲသို့ ထောင်ပေါင်းများစွာသော ပြည်သူများတက်ရောက်ကြပြီး ဂါဇာကမ်းမြောင်ဒေသအတွင်း အစ္စရေးတို့ ကျူးကျော်ဝင်ရောက်၍ ရာဇဝတ်မှုများ ကျူးလွန်နေကြောင်း ကြွေးကြော်ခဲ့ကြသည်။

ချီတက်ဆန္ဒပြ

အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြသူများသည် ပါလက်စတိုင်းနှင့်ဆီးရီးယားအလံများ၊ ဆီးရီးယားသမ္မတ ဘာရှာအယ်လ်-အာဆတ်၊ ပါလက်စတိုင်းနှင့် အီရတ်ဒုက္ခသည်များ၏ပုံများကို ကိုင်ဆောင်လျက်ချီတက်ဆန္ဒပြခဲ့ကြသည်။

တိုက်ခိုက်

အစ္စရေးတပ်များက ဂါဇာကမ်းမြောင်ဒေသအတွင်း ဝင်ရောက်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ၁၀၀ ကျော် သေဆုံးသွားသည်။

တပ်ရုပ်သိမ်း

အစ္စရေးတပ်များသည် အမေရိကန်က ထိုးစစ်ဆင်တိုက်ခိုက်မှုကို ရပ်တန့်ရန် မေတ္တာရပ်ခံမှုကြောင့် မတ် ၃ ရက်က တပ်ရုပ်သိမ်းခဲ့သည်။

ရပ်တန့်

ယင်းကဲ့သို့ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းမှာ ပါလက်စတိုင်းတို့ဘက်မှ ဒုံးကျည်များဖြင့် ပစ်ခတ်နေခြင်းကို ရပ်တန့်ရန်အတွက် ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကင်ညာအာဏာခွဲဝေရေး သဘောတူညီချက် အကောင်အထည်ဖော်ရန် နှစ်ဦးနှစ်ဖက်သဘောတူညီ

နိုင်ရိုဘီ မတ် ၇

ကင်ညာသမ္မတ ကီဘာကီနှင့်အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့ ပြီးခဲ့သည့်ရက်သတ္တပတ်က အာဏာခွဲဝေရေး သဘောတူညီချက်ကို အပြည့်အဝ အကောင်အထည်ဖော်ရန် သဘောတူညီထားသည်။

ထိုသဘောတူညီချက်ကို ဥပဒေပြဋ္ဌာန်းနိုင်ရန် ပါလီမန်အစည်းအဝေးသို့ မတ် ၆ရက်တွင် ကျင်းပခဲ့သည်။

အတိုက်အခံခေါင်းဆောင် အိုဒင်ဂါရယူမည့် ဝန်ကြီးချုပ်ရာထူး တီထွင်ရေးအတွက် ပါလီမန်သို့ ထိုဥပဒေကြမ်းကို တင်သွင်းရမည် ဖြစ်သည်။ အင်္ဂါနေ့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲရေးအတွက် စီစဉ်နေကြောင်း ပြိုင်ဘက်ပါတီများက ပြောကြားသည်။

သဘောတူ

သမ္မတကီဘာကီနှင့် မစ္စတာအိုဒင်ဂါတို့က ဒီဇင်ဘာသမ္မတရွေးကောက်ပွဲကိစ္စနှင့် လူ ၁၀၀၀ ကျော် သေဆုံးရသည့် နောက်ဆက်တွဲ အကြမ်းဖက်မှုများကို စုံစမ်းစစ်ဆေးရန် သဘောတူထားကြသည်။ **(အင်တာနက်)**

ဗီယက်နမ် ရေနံတင်သင်္ဘောတိမ်းမှောက် သင်္ဘောသား ၁၄ဦး ပျောက်ဆုံးနေ

ဟန္နွိုင်း မတ် ၇

ဗီယက်နမ်ကမ်းလွန်တွင် ၎င်းနိုင်ငံ၏ ရေနံတင်သင်္ဘောတစ်စင်း တိမ်းမှောက်ခဲ့ရာ သင်္ဘောသား၁၄ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဗီယက်နမ်ရေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပိတ်မိနေ

အဆိုပါ ရေနံတင်သင်္ဘောသည် မတ် ၂ရက်က တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရေနံတင်သင်္ဘောမှ သင်္ဘောသားတစ်ဦးကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း၊ သင်္ဘောသားအများစုမှာ သင်္ဘောကိုယ်ထည်ထဲ၌ ပိတ်မိနေကြောင်း ဗီယက်နမ်တာဝန်ရှိသူများက ပြောကြားသည်။

တိမ်းမှောက်နစ်မြုပ်

ယင်းရေနံတင်သင်္ဘောသည် ရေနံတန်ချိန် ၁၇၀၀ တင်ဆောင်ခုတ်မောင်းလာစဉ် ဘင်သူယန်ပြည်နယ် ကမ်းလွန်၌ တိမ်းမှောက်နစ်မြုပ်ခဲ့ကြောင်း ၎င်းဆိပ်ကမ်းအာဏာပိုင်များက ပြောကြားသည်။

ထွက်ခွာ

၎င်းရေနံတင်သင်္ဘောသည် ဟိုချီမင်းမြို့တောင်ပိုင်းမှ ဒါနန်ပြည်နယ်သို့ ခုတ်မောင်းလာစဉ် တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အစ္စရေးနိုင်ငံ ပယ်လ်မာဟင်လေတပ်အခြေစိုက်စခန်း၌ တစ်နာရီလျှင် မိုင်၁၄၀နှုန်းဖြင့် နာရီ ၃၀ မနားတမ်းပျံသန်းနိုင်ပြီး ၅၄ပေ ရှည်သော တောင်ပံများပါရှိသည့် လူထိန်းသိမ်းကိုင်တွယ်ရန်မလိုသော ဟာရွန်လေကြောင်းစောင့်ကြည့်ရေးခရီးစဉ်သုံး လေယာဉ်တစ်စင်းကို မတ် ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



လူဦးရေထိန်းချုပ်မှုစီမံကိန်း တရုတ်၌ ဆက်လက်ကျင့်သုံးသွားမည်ဟုဆို

ပေကျင်း မတ် ၇

တရုတ်နိုင်ငံ၌ ဇနီးမောင်နှံနှစ်ဦးလျှင် ကလေးတစ်ဦးသာမွေးဖွားစေသောမူဝါဒကို ပြောင်းလဲမည်လောဆိုသည့် မေးခွန်းတစ်ရပ်ကို တရုတ်တာဝန်ရှိသူတစ်ဦးက ငြင်းဆိုထားသည်။

ပြောကြား

အဆိုပါမူဝါဒနှင့် ပတ်သက်ပြီး ပြောင်းလဲနိုင်မည် မဟုတ်ကြောင်း၊ မြို့ကြီးများ၌နေထိုင်သော ဇနီးမောင်နှံများသည် ကလေးတစ်ဦးနှုန်းသာ ယူရမည်ဖြစ်ပြီး ကျေးလက်ဒေသနေ ဇနီးမောင်နှံများအနေဖြင့် ကလေးနှစ်ဦး ယူနိုင်ကြောင်း မိသားစု စီမံကိန်း အရာရှိချုပ် ကျန်ဝေကျင်းက ပြောကြားသည်။

ပြန်လည်ဖြေကြား

အခြားမိသားစုစီမံကိန်း တာဝန်ရှိသူ တစ်ဦးက မေးမြန်းခဲ့သည်ကို အဆိုပါ အရာရှိချုပ်က အထက်ပါအတိုင်း ပြန်လည်ဖြေကြားလိုက်ခြင်း ဖြစ်သည်။

မူဝါဒ

လူဦးရေ တိုးတက်များပြားလာမှုသည် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိအားဖြစ်စေနိုင်ကြောင်း၊ ယင်းအတွက် ချမှတ်ထားသော မူဝါဒကို ပြောင်းလဲမည် မဟုတ်ကြောင်း နိုင်ငံတော်လူဦးရေနှင့် မိသားစုစီမံကိန်း ကော်မရှင် ညွှန်ကြားရေးမှူး မစ္စတာဂျန်က ဆက်လက် ပြောကြားသည်။

ထိန်းချုပ်ကန့်သတ်

တရုတ်နိုင်ငံသည်၁၉၇၀ပြည့်လွန်နှစ်များမှစပြီး လူဦးရေတိုးတက်များပြားလာသဖြင့် ယင်းမူဝါဒကို ချမှတ်လျက် ထိန်းချုပ်ကန့်သတ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

မိသားစုတစ်စု

တရုတ်နိုင်ငံတွင် ကလေးတစ်ဦးသာ ယူထားသော မိသားစုတစ်စုကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ခြင်ဆေးခွေထွန်းပြီး အိပ်ပျော်သူများ မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်သေဆုံး

ပေကျင်း မတ် ၇

တရုတ်မသန်စွမ်းကလေးရှစ်ဦးသည် ခြင်ဆေးခွေထွန်းထားသော ၎င်းတို့၏ အခန်းအတွင်း မတ် ၅ရက်ညပိုင်းက သိပ်သည်းသောမီးခိုးငွေ့များ ရှူရှိုက်မိပြီး အသက်ရှူကျပ်၍ သေဆုံးခဲ့ကြောင်း အစိုးရမီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါ ဖြစ်ရပ်မှာ ဂွမ်ဒေါင်းပြည်နယ်တောင်ပိုင်းရှိမသန်စွမ်းကလေးများ ဂေဟာတစ်ခု၌ ကလေးများ ခြင်ဆေးခွေထွန်း၍ အခန်းအတွင်းအိပ်ပျော်နေစဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စစ်ဆေးစဉ်

နံနက်မိုးမလင်းမီ တာဝန်ကျဝန်ထမ်းတစ်ဦးက လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ကလေးများသေဆုံးနေသည်ကို တွေ့ရသည်ဟု ဆိုသည်။

ထိုကိစ္စဖြစ်ပွားရသည့် အကြောင်းအရင်း အသေးစိတ်ကို ပြောပြနိုင်ခြင်း မရှိသေးကြောင်း ဟူကျို့ မြူနီစီပယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်ကို သတင်းဌာနက ကိုးကားဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘဝအမောပြေ

မစိုးရိမ်ပါနဲ့ . . .

ကြက်မွေးမြူရေးသမားတစ်ဦးက တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ပါရဂူတစ်ဦးထံ ရောက်လာပြီး မေးလေသည်။

မွေးမြူရေးသမား။ ။ ကျွန်တော့်ကြက်တွေ နေ့တိုင်း တစ်ကောင်နှစ်ကောင် သေနေတယ်။

ပါရဂူ ။ ။ မစိုးရိမ်ပါနဲ့ သူတို့သောက်တဲ့ ရေထဲမှာ ဒီဆေးတွေ ဖျော်ထည့်ပေးလိုက်ပါ။

မွေးမြူရေးသမား။ ။ ဟုတ်ကဲ့။

သုံးရက်ခန့်ကြာပြီးနောက်. . .

မွေးမြူရေးသမား။ ။ ကြက်တွေသေတာ ပိုများလာတယ်။ နောက်တစ်ရက်ဆို ကြက်တွေအကုန်သေပါပြီ။

ပါရဂူ ။ ။ မစိုးရိမ်ပါနဲ့ . . . အသစ်သာ ပြန်မွေးလိုက်ပါတော့။

မွေးမြူရေးသမား။ ။ ''ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

■ ဆွီဒင်နိုင်ငံ ဗာဆာလိုပက်မြို့တွင် မတ် ၆ရက်က စကိတ်စီးသမား ၁၅၀၀၀တို့က ကီလိုမီတာ ၉၀ ရှည်သောခရီးကို စုပေါင်းစကိတ်စီးခဲ့ရာ ကမ္ဘာပေါ်၌ အရေအတွက်အများဆုံး စကိတ်စီးသူများ ဖြစ်လာခဲ့သည်။**(အပေါ်ပုံ)**

➢ **ဂျပန်နိုင်ငံအလယ်ပိုင်း အီချီစီရင်စုရှိ သံမဏိစက်ရုံ တစ်ရုံ၌ မတ်၆ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ သုံးဦး ဒဏ်ရာရရှိပြီး စက်ရုံအစိတ်အပိုင်း အများအပြားပျက်စီးခဲ့သည်။**

■ အယ်လ်ဘေးနီးယားနိုင်ငံ မြို့တော် တီရာနာအနီး ဖာကာရေအိုင်ကြီးအတွင်း မတ် ၆ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ၁၆ဦး သေဆုံးခဲ့သည်။

➢ **မက္ကဆီကို ပင်လယ်ကွေ့၌ မတ် ၆ရက်က တစ်နာရီလျှင် မိုင်၈၀ နှုန်း အင်အားရှိသည့် မုန်တိုင်းတိုက်ခတ်ခဲ့ရာ ကုန်တင်သင်္ဘော တစ်စင်း တိမ်းမှောက်ခဲ့သည်။**

■ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တောင်ဘက် မိုင် ၁၂၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မြေပြိုမှုဖြစ်ပွားရာ နေအိမ်သုံးလုံးပျက်စီးခဲ့ပြီး နှစ်ဦးသေဆုံးခဲ့သည်။

➢ **ပီရူးနိုင်ငံ လီမာမြို့ အရှေ့ပိုင်း၌ မတ်၆ရက်က ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။**

■ ယီမင်နိုင်ငံ ဆာနာမြို့ မြောက်ဘက်တွင် မတ် ၆ရက်က အင်အားပြင်းထန်သော လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ နေအိမ်အများအပြားပျက်စီးပြီး သုံးဦးသေဆုံးခဲ့သည်။

➢ **ဇမ်ဘီယာနိုင်ငံ လတ်စတာမြို့၌ မတ် ၆ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ နေအိမ်အများအပြားရေလွှမ်းကာ ဒေသခံ ၄၀၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ခဲ့ရသည်။**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အတိတ်နှင့်ပစ္စုပ္ပန်

သတင်းအက်ဆေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှတွင်တည်ရှိပြီး ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြည်သူအများစုမှာ ဘင်္ဂလားပင်လယ်အော်အတွင်း စီးဝင်သွားကြသည့်မြစ်များ၏ မြစ်ဝကျွန်းပေါ်ဒေသတွင် ပြွတ်သိပ်ကျပ်တည်းစွာ နေထိုင်ကြရသည်။

ဆောင်ရွက်နိုင်

ဆင်းရဲမွဲတေမှုမှာ ကျယ်ပြန့်နက်ရှိုင်းလှသဖြင့် ပြည်သူထက်ဝက်ကျော်မှာ နေ့စဉ်ဝင်ငွေတစ်ဒေါ်လာအောက်သာရရှိကာ အသက်ရှင်ကြရသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေတိုးတက်မှုနှုန်းကို လျှော့ချနိုင်သည့်အပြင်၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် တိုးတက်အောင် ဆောင်ရွက်နိုင်သည်။

၁၉၄၇ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဗြိတိသျှကိုလိုနီ လက်အောက်ခံဘဝမှ လွတ်မြောက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် မွတ်စလင်အများစု နေထိုင်သည့် အရှေ့နှင့်အနောက် ပါကစ္စတန်ဖြစ်လာသည်။ ပြည်နယ်နှစ်ခုမှာ ကီလိုမီတာ ၁၅၀၀ကျော်ရှည်သည့် အိန္ဒိယနိုင်ငံက စည်းခြားထားသည်။

၁၉၄၉ ခုနှစ်တွင် အနောက်ပါကစ္စတန် လက်အောက်မှ အရှေ့ပါကစ္စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး လှုံ့ဆော်ရန် အဝါမိလိခ်အဖွဲ့ကို ထူထောင်သည်။ ၁၉၇၀ပြည့်နှစ်တွင် အရှေ့ပါကစ္စတန်၌ ရှိတ်မူဂျီဘာရာမန် ဦးဆောင်သည့် အဝါမီလိခ်ပါတီက ရွေးကောက်ပွဲအနိုင်ရသည်။ အနောက် ပါကစ္စတန်က အသိအမှတ်မပြု။ ထို့ကြောင့်ဆန္ဒပြကာ အဓိကရုဏ်းဖြစ်ကုန်သည်။

၁၉၇၁ခုနှစ်တွင် ရှိတ်မူဂျစ် အဖမ်းခံရပြီး အနောက်ပါကစ္စတန်သို့ ခေါ်သွားသည်။ ပြည်ပရောက် အဝါမီလိခ်ခေါင်းဆောင်များက ၁၉၇၁ခုနှစ် မတ် ၂၆ရက်တွင် အရှေ့ပါကစ္စတန်ပြည်နယ် လွတ်လပ်ရေး ကြေညာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဟု မှည့်ခေါ်လိုက်သည်။ အိန္ဒိယ၏အကူအညီဖြင့် အနောက်ပါကစ္စတန် အစိုးရတပ်များကို အောင်နိုင်လိုက်သည်။ ဘင်္ဂလားဒေ့ရှ်ပြည်သူ ၁၀သန်းခန့် အိန္ဒိယသို့ ထွက်ပြေးကြသည်။

လုပ်ကြံခံရ

၁၉၇၂ခုနှစ်တွင် ရှိတ်မူဂျစ် အနောက်ပါကစ္စတန်မှ ပြန်လာသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၇၅ခုနှစ်တွင် ရှိတ်မူဂျစ်သည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမ္မတဖြစ်လာသည်။ နိုင်ငံရေးအခြေအနေ ပိုမိုဆိုးရွားလာပြီး ထိုနှစ်ဩဂုတ်လတွင် အာဏာသိမ်းခံရပြီး ရှိတ်မူဂျစ်လုပ်ကြံခံရသည်။

၁၉၇၇ခုနှစ်တွင် ဗိုလ်ချုပ်ကြီးဇီယာရာမန် သမ္မတရာထူးကို ရယူသည်။ ၁၉၈၁ခုနှစ်တွင် မအောင်မြင်သော အာဏာသိမ်းမှုတွင် မစ္စတာဇီယာလုပ်ကြံခံလိုက်ရပြန်သည်။ သမ္မတရာထူးကို အဗ္ဗဒူဆတ္တားက ဆက်ခံသည်။ ၁၉၈၂ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအာရှတ်က အာဏာသိမ်းသည်။ ၁၉၈၃ခုနှစ်တွင် နိုင်ငံရေးလှုပ်ရှားမှုကို အကန့်အသတ်ဖြင့်ခွင့်ပြုသည်။ အာရှတ်သမ္မတဖြစ်လာခဲ့သည်။ ၁၉၈၆ခုနှစ် ပါလီမန်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲတွင် အာရှတ်မှာ ငါးနှစ်သက်တမ်းအတွက် သမ္မတအဖြစ်ရွေးချယ်ခံရသည်။ ၁၉၉၀ပြည့်နှစ်တွင် အကြီးအကျယ် ကန့်ကွက်ဆန္ဒပြမှုဖြစ်ပြီး အာရှတ် ရာထူးမှဆင်းပေးသည်။



၁၉၉၁ခုနှစ်တွင် အာရှတ်မှာ အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်အပြစ်ပေးခံရသည်။ သမ္မတဇီယာရာမန်၏ ကျန်ရစ်သူဇနီး ဘီဂမ်ခါလီဒါဇီယာ ဝန်ကြီး ချုပ်ဖြစ်လာသည်။ သမ္မတရာထူးမှာ ပြယုဂ်အဖြစ် အာဏာမဲ့အောင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည်။ ထိုအခါ ဝန်ကြီးချုပ်တွင် အုပ်ချုပ်ရေး အာဏာ ရှိလာသည်။

၁၉၉၆ခုနှစ်တွင် ရွေးကောက်ပွဲ၌ အဝါမီလိခ်ပါတီအနိုင်ရပြီး ရှိတ်မူဂျီဘာရာမန်၏သမီး ရှိတ်ဟာဆီနာ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၁ခုနှစ်ဇူလိုင်လတွင် ဝန်ကြီးချုပ်သက်တမ်း ငါးနှစ်ပြည့်သဖြင့် ရှိတ်ဟာဆီနာက ယာယီအစိုးရကို အာဏာလွှဲအပ်သည်။ ထိုနှစ် အောက်တိုဘာလ ရွေးကောက်ပွဲတွင် ခါလီဒါဇီယာ၏ ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ(ဘီအင်န်ပီ)က အနိုင်ရသည်။

ရယူခဲ့

၂၀၀၂ခုနှစ်တွင် သမ္မတချောက်ဒရီ ရာထူးမှနုတ်ထွက်သဖြင့် အဂျူဒင်အာမက်သမ္မတဖြစ်လာသည်။ ၂၀၀၆ခုနှစ်အောက်တိုဘာလတွင် ဇီယာ၏ ဝန်ကြီးချုပ်ရာထူး သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ယာယီအစိုးရထံ အာဏာလွှဲရေးကိစ္စ ကန့်ကွက်ဆန္ဒပြမှုများ ပေါ်ပေါက်လာသည်။ သမ္မတအာမက်က ၂၀၀၇ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲကျင်းပမည့် အချိန်အထိ အစိုးရတာဝန်ကို ရယူခဲ့သည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၂ရက်တွင် ကျင်းပမည်ဟု ကြေညာသည်။ ရွေးကောက်ပွဲ သပိတ်မှောက်မည်ဟု အာဝါမီလိခ်ပါတီ ကကြေညာသည်။ သမ္မတအာမက်သည် ပြိုင်ဘက်ဇီယာကို ဦးစားပေးသည်ဟုလည်း စွပ်စွဲသည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် အရေးပေါ်အခြေအနေ ကြေညာပြီး ရွေးကောက်ပွဲရွှေ့ဆိုင်းသည်။ အိမ်စောင့်အစိုးရဝန်ကြီးချုပ်အဖြစ် ဒေါက်တာဖာရူဒင်အာမက်က တာဝန်ယူလိုက်သည်။ အိမ်စောင့်အစိုးရသည် ၂၀၀၈ခုနှစ်ကုန်တွင်ကျင်းပမည့်ရွေးကောက်ပွဲအတွင်း ပြင်ဆင်ပေးရန်တာဝန်ယူထားသည်။

ရွေးကောက်ပွဲမတိုင်မီ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အဂတိလိုက်စားမှုများ ကင်းရှင်းစေရမည်ဟုလည်း အစိုးရက ကတိပြုထားသည်။

မှီခို

လယ်ယာစိုက်ပျိုးရေးကဏ္ဍက အလုပ်အကိုင်များစွာ ပေးထားသည်။ သို့သော် လူတိုင်းအလုပ်လုပ်ရအောင်မှု မစွမ်းဆောင်နိုင်။ထို့ကြောင့် ဘင်္ဂလားဒေ့ရှ် ပြည်သူအများအပြားသည် ပြည်ပသို့ တရားဝင်ရော၊ တရားမဝင်ရော သွားရောက် အလုပ်လုပ်ကိုင်ကြရသည်။ ပြည်ပရောက်နိုင်ငံသားများ၏ ပို့ငွေသည်ပင်လျှင် ကျန်ရစ်သူမိသားစုအတွက် မှီခိုစရာဖြစ်သည်။

ယခုအခါ ဘင်္ဂလားဒေ့ရှ်သည် စက်မှုဖွံ့ဖြိုးရေးကို ဦးစားပေးအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံခြားမှရင်းနှီးမြှုပ်နှံမှုများလည်း စွမ်းအင်ကဏ္ဍနှင့် ကုန်ထုတ်လုပ်ရေးကဏ္ဍတို့တွင် အလုံးအရင်းဝင်လာသည်။

ကုန်းတွင်းနှင့်ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များတွေ့ရှိမှုက အနာဂတ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ချမ်းသာကြွယ်ဝမည့် နိမိတ်လက္ခဏာတစ်ခုဖြစ်ပါသည်။ ။

ကိုးကား-အင်တာနက် **တိုး-ရေးသားသည်**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၇-၃-၂၀၀၈

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများမြင့်တက်

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း ဟောင်ကောင် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

ဟောင်ကောင်ရွှေဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၉၈၈ဒသမ၆၈ဒေါ်လာအထိ မြင့်တက်လာကြောင်း ၎င်းတို့က ပြောကြားသည်။

ဂျမ်ဘိုခရီးသည်လေယာဉ်များ တရုတ်၌ ထုတ်လုပ်မည်

တရုတ်နိုင်ငံ၏ ပထမဆုံး ဂျမ်ဘိုခရီးသည်တင်လေယာဉ်များ ထုတ်လုပ်မည့်စက်ရုံကို ရှန်ဟဲမြို့၌ တည်ဆောက်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

လာမည့်ဆယ်စုနှစ်ကာလ၌ တရုတ်လေကြောင်းလိုင်းများတွင် ဂျမ်ဘိုခရီးသည်တင်လေယာဉ်အစင်း ၁၈၀၀ခန့် လိုအပ်လာမည်ဖြစ်ရာ ပြည်တွင်း၌ ထုတ်လုပ်ရန်စီစဉ်နေခြင်းဖြစ်သည်။

ကမ္ဘောဒီးယား၌ လူမှောင်ခိုကူးမှု တိုက်ဖျက်မည်

ကမ္ဘောဒီးယားနိုင်ငံက လူမှောင်ခိုကူးမှုများကို အစွမ်းကုန်နှိမ်နင်းသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား ပြည်ထဲရေးဝန်ကြီးဆာခန်က ပြောကြားလိုက်သည်။

လူမှောင်ခိုကူးမှုနှိမ်နင်းရေး အထူးတပ်ဖွဲ့များကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ပြည်နယ်ဒေသများအလိုက် စစ်ဆင်ရေးတစ်ရပ်ကဲ့သို့ ဆောင်ရွက်သွားမည်ဟု မစ္စတာဆာခန်က ပြောကြားသည်။

ချန်ဂီလေဆိပ် နားခိုဆောင်အသစ်များ တည်ဆောက်မည်

စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နားခိုဆောင်အသစ်လေးခုကို တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ကြောင်း စင်ကာပူလေကြောင်း အရာရှိများက ပြောကြားသည်။

ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာပေါ်၌ ခရီးသည်အဝင်အထွက်များသော လေဆိပ်တစ်ခုဖြစ်လာသဖြင့် ယခုကဲ့သို့ နားခိုဆောင်များ တိုးချဲ့ရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဂါဇာ၌ အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့အတွင်း ဝင်ရောက်လာသော အစ္စရေးတပ်ဖွဲ့ဝင်များအား ပါလက်စတိုင်း လက်နက်ကိုင်များက ချုံခိုတိုက်ခိုက်ခဲ့ကြကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ထိုသို့တိုက်ခိုက်ခဲ့မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကရာချိ၌ ဓာတ်အားချွေတာဖြတ်တောက်

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် လျှပ်စစ်ဓာတ်အား ဖြတ်တောက်မှုများ ပြုလုပ်လျက်ရှိကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ဓာတ်အားခြိုးခြံချွေတာမှုနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကြောင့် ဓာတ်အားဖြတ်တောက်မှုပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

ဘဝဒဿန အမြင်

* *Better to wear out than to rust out.*

မည်သည့်အရာမဆို မသုံးဘဲ ပျက်စီးသွားရခြင်းထက် အသုံးပြုခြင်းကြောင့် ပျက်စီးသွားရခြင်းက ပိုကောင်းသည်။

ရစ်ချတ်ကမ်ဘာလင်း
(အင်္ဂလိပ်လူမျိုး အတွေးအခေါ်ပညာရှင်)

* *The house of every one is to him as his castle and fortress.*

မိမိ၏အိမ်သည် မိမိအတွက် အလုံခြုံဆုံးသော ရဲတိုက်နှင့်ခံတပ်။

ဆာဘက်ဒ်ဝပ်ကုတ်ခ်
(အင်္ဂလိပ်လူမျိုးရှေ့နေ)

8-3-08 (05).pmd 1 3/8/2008, 1:20 AM

လုံခြုံရေးကောင်စီက အီရန်အား အရေးယူပိတ်ဆို့မှု တရုတ်နှင့် ပုံမှန်ကုန်သွယ်ရေးကို ထိခိုက်မည်မဟုတ်ဟုဆို

ပေကျင်း မတ် ၇

အီရန်နိုင်ငံအား နျူကလီးယား ယူရေနီယံသန့်စင်မှုရပ်ဆိုင်းရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ဆို့အရေးယူမှု အသစ်တစ်ရပ် ပြုလုပ်ခဲ့သော်လည်း တရုတ်နိုင်ငံနှင့် အီရန်နိုင်ငံတို့၏ ကုန်သွယ်ရေးကို ထိခိုက်လိမ့်မည် မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မတ်၄ရက်တွင် ပြောကြားသည်။

ပုံမှန်အနေအထား

အီရန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်မှုမှာ ပုံမှန်အနေအထားတွင်ရှိနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကျင်ကျန်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

တရုတ်နိုင်ငံသည် အခြားနိုင်ငံများနှင့် ကုန်သွယ်မှုပြုလုပ်နေသည့်နည်းတူ အီရန်နိုင်ငံနှင့်လည်း အပြန်အလှန်ကုန်သွယ်မှုများ ပြုလုပ်နေကြောင်း၊ ယင်းအပြန်အလှန်ကုန်သွယ်မှုသည် နှစ်နိုင်ငံအကြား ပုံမှန်အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ပါဝင်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

အီရန်အား လုံခြုံရေးကောင်စီနှင့် အမေရိကန်စသော အနောက်နိုင်ငံများက ပိတ်ဆို့အရေးယူခဲ့၍ တရုတ်နိုင်ငံသည် အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာကြောင်း ကျင်က ဆက်လက်ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့တွင် ကျင်းပလျက်ရှိသည့် သိပ္ပံနှင့် နည်းပညာပြပွဲ၌ ရေအောက်တွင် ဓာတ်ပုံ အလွယ်တကူ ရိုက်ကူးနိုင်ရန် ရည်ရွယ်ကာ အသစ်တီထွင်ထုတ်လုပ် ထား သည့် ဒစ်ဂျစ်တယ် ကင်မရာ တပ်ဆင်ထားသော ရေငုပ်မျက်မှန်ကို မတ် ၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

သီရိလင်္ကာတပ်များနှင့် ကျားသူပုန်တို့ တိုက်ပွဲဖြစ်ပွား ဖေဖော်ဝါရီလအတွင်း တပ်ဖွဲ့ဝင် ၁၀၄ဦးသေဆုံးခဲ့

ကိုလံဘို မတ် ၇

သီရိလင်္ကာအစိုးရတပ်များနှင့် တမီးလ်ကျားသူပုန်တို့ ပဋိပက္ခဖြစ်ပွားခဲ့ရာ ဖေဖော်ဝါရီလအတွင်း စစ်ဘက်နှင့်ရဲတပ်ဖွဲ့ဝင် အရာရှိ ၁၀၄ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာအစိုးရက မတ်၅ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီလအတွင်း သီရိလင်္ကာအစိုးရတပ်နှင့် တမီးလ်ကျားသူပုန်တို့ နိုင်ငံမြောက်ပိုင်းရှိ ရှေ့တန်းစစ်မျက်နှာတစ်ခု၌ တိုက်ပွဲများဖြစ်ပွားခဲ့ရာတွင် သီရိလင်္ကာတပ်ဖွဲ့ဝင် ၈၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကျားသူပုန်များနှင့် ညှိနှိုင်းရေးမှူး နိမယ်ဆီရိပါလာဒီဆေးလ်ဗားက ပြောကြားသည်။

ပြောကြား

ယင်းရှေ့တန်းတိုက်ပွဲများအတွင်း အရပ်သား ၈၀သေဆုံးပြီး ၂၀၁ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း ညှိနှိုင်းရေးမှူး ဒီဆေးလ်ဗားက ဆက်လက်ပြောကြားခဲ့သည်။

ဖော်ပြ

ဖေဖော်ဝါရီလအတွင်း ကျားသူပုန်များဘက်မှ သေဆုံးမှုမှာ ၈၇၁ဦး ရှိကြောင်း၊ ဇန်နဝါရီလက သူပုန်၅၀၀ သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နယူးယောက်ရှိ စစ်သားစုဆောင်းရေးဌာန ဗုံးခွဲတိုက်ခိုက်ခံရ

နယူးယောက် မတ် ၇

နယူးယောက်မြို့ တိုင်း(မ်) ရင်ပြင်ရှိ စစ်သားစုဆောင်းရေးဌာန တစ်ခု၌ မတ်၆ရက်က ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အနည်းငယ်ပျက်စီးမှုဖြစ်ခဲ့ကြောင်း အင်တာနက်တွင် သတင်းဖော်ပြသည်။

ထိခိုက်ဒဏ်ရာရမှုမရှိ

အဆိုပါ စစ်သားစုဆောင်းရေးဌာနတွင် လူမရှိသေးသည့်အချိန် နံနက်စောစောပိုင်းက ၎င်းဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်၍ အခန်းပြတင်းမှန်များသာကွဲပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိဟု ရဲတပ်ဖွဲ့က ဆိုသည်။

အကြမ်းဖက်တိုက်ခိုက်

ယင်းစစ်သားစုဆောင်းရေးဌာနသည် ကျွန်းတစ်ကျွန်း၌ တည်ရှိပြီး စစ်ဆန့်ကျင်ရေးဆန္ဒပြရာ နေရာဖြစ်သည်။ ၎င်းဗုံး ပေါက်ကွဲခြင်းနှင့် ပတ်သက်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်လာနိုင်၍ စုံစမ်းစစ်ဆေးနေကြောင်း၊ သို့သော်လည်း ခြိမ်းခြောက်မှု မတွေ့ရသေးကြောင်း အမေရိကန်လုံခြုံရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပိတ်ဆို့ရှာဖွေ

အဆိုပါ ဗုံးပေါက်ကွဲမှုသည် မတ်၆ရက် နံနက်ပိုင်းက ဗုံးစတင်ပေါက်ကွဲပြီးနောက် ရဲကားများက အနီးဝန်းကျင်ရှိ လမ်းများကို ပိတ်ဆို့ရှာဖွေခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံ ယိဒ်ပြည်နယ် မီနားစ်မြို့ရှိ ဆင်လိမ္မာလေ့ကျင့်ရေးစခန်းတွင် မတ်၅ရက်၌ ဆူမာတြားဆင်တစ်ကောင်အား ဆင်ဦးစီးက လေ့ကျင့်သင်ကြားပေးနေသည်ကို ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်ဒေသ၏ အခြေအနေ အနှစ်လေးဆယ်အတွင်း အဆိုးရွားဆုံးဖြစ်နေဟုဆို

ဂါဇာ မတ် ၇

အစ္စရေးက ၁၉၆၇ခုနှစ်တွင် ဂါဇာကမ်းမြောင်ဒေသအား ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက် လူသားချင်းစာနာထောက်ထားမှု အခြေအနေသည် အဆိုးရွားဆုံးဖြစ်နေကြောင်း ဗြိတိန်အခြေစိုက်လူသားများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ပြောကြားသည်ကို မတ်၆ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းဒေသ၌ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်၊ ကလေးများ လုံခြုံဘေးကင်းမှု၊နိုင်ငံတကာအကူအညီရရှိမှု စသည့် လူသားချင်းစာနာမှုဆိုင်ရာများ ကင်းမဲ့လျက် ၎င်းဒေသနေ ပြည်သူများ၏အခြေအနေမှာ အဆိုးရွားဆုံး ဖြစ်နေကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများအား အစ္စရေးတပ်များက လူသားချင်းစာနာမှု ကင်းမဲ့ကာ ပစ်ခတ်တိုက်ခိုက်နေမှုနှင့် ပိတ်ဆို့အရေးယူမှုများကြောင့်လည်းပို၍ အခြေအနေဆိုးရွားခဲ့ရသည်ဟု ဆိုသည်။

ဒုံးကျည်များဖြင့်ပစ်

ဂါဇာကမ်းမြောင်ဒေသကို စစ်ရေးအရတိုက်ခိုက်နေမှု ရပ်တန့်စေရန် ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်များဖြင့် ပစ်ခတ်နေမှုများ ရပ်တန့်သွားရန်လိုကြောင်း အစ္စရေးတို့ကပြောကြားသည်။

အစ္စရေးတို့သည် ၂၀၀၅ခုနှစ်က ဂါဇာကမ်းမြောင်ဒေသ၌ ၎င်း၏ တပ်များနှင့် အခြေချ နေထိုင်သူများကို ရုပ်သိမ်းပေးခဲ့သည်။ သို့သော်လည်း ဂါဇာ၏ ဝေဟင်ကမ်းခြေဒေသနှင့် ၎င်း၏ နယ်စပ်မြို့ကို ထိန်းချုပ်ထားဆဲ ဖြစ်သည်။ **(ဝဲပုံ)**

အလုပ်အကိုင်များဆုံးရှုံး

ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူ ၁ဒသမ၁သန်းကျော်သည် ပြည်ပမှ ထောက်ပံ့ပေးသော စားနပ်ရိက္ခာ အကူအညီနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အလုပ်လုပ်နေသော အလုပ်သမား ၁၁၀၀၀၀၏ ဝင်ငွေအပေါ် မှီခိုနေကြရသည်။ သို့သော်လည်း ပိတ်ဆို့အရေးယူ တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် အလုပ်သမား ၇၅၀၀၀ အလုပ်အကိုင်များ ဆုံးရှုံးနေသည်ဟု အဆိုပါ အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

လွန်ခဲ့သော သီတင်းပတ်ကလည်း အစ္စရေးတို့က မြေပြင်၊ ဝေဟင်ထိုးစစ်များကြောင့် အရပ်သား အများအပြားပါဝင်သည့် ပါလက်စတိုင်းလူမျိုး ၁၂၀ကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

စီးပွားရေးလုပ်ငန်းရှင် ဘွတ်ဖက်(တ်) ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်လာ

နယူးယောက် မတ် ၇

အမေရိကန်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်ကြီး ဝါရင်ဘွတ်ဖက်(တ်)သည် ၎င်း၏ စီးပွားရေးပြိုင်ဖော်ပြိုင်ဘက် ဘီလ်ဂိတ်ကို ကျော်လွန်ပြီး ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်လာကြောင်း ဖောဘက်(စ်)မဂ္ဂဇင်း၌ ရေးသားဖော်ပြသည်။

ဘီလ်ဂိတ်နှင့်အတူ မိုက်ခရိုဆော့(ဖ်) စီးပွားရေးလုပ်ငန်းကို ပူးပေါင်း တည်ထောင်ခဲ့သူ မစ္စတာဘွတ်ဖက်(တ်) (ယာပုံ) **သည် လွန်ခဲ့သော ၁၃နှစ်တာကာလအတွင်း ဖောဘက်(စ်) စီးပွားရေးမဂ္ဂဇင်း၏ အချမ်းသာဆုံး ထိပ်တန်းစာရင်းတွင် ပါဝင်ခဲ့သူဖြစ်သည်။**

စီးပွားရေးလုပ်ငန်း

မစ္စတာဘွတ်ဖက်(တ်)၏ချမ်းသာကြွယ်ဝမှုသည် ပြီးခဲ့သည့် နှစ်က စီးပွားရေးလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ ဝင်ငွေရရှိခဲ့သဖြင့် စုစုပေါင်း ငွေကြေးကြွယ်ဝချမ်းသာမှုမှာ အမေရိကန်ဒေါ်လာ ၆၂ဘီလီယံအထိ ချမ်းသာလာခဲ့သည်။

တတိယနေရာ

မစ္စတာဘီလ်ဂိတ်သည် ထိုကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံသာ ဝင်ငွေရခဲ့သဖြင့် ဖောဘက်(စ်)မဂ္ဂဇင်း၏ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များစာရင်းတွင် တတိယနေရာသို့ ရောက်ရှိသွားပြီး စုစုပေါင်း ငွေကြေးချမ်းသာကြွယ်ဝမှုမှာ အမေရိကန်ဒေါ်လာ ၅၈ဘီလီယံအထိသာရှိသည်ဟု ဆိုသည်။

ဆက်သွယ်ရေးလုပ်ငန်း

သူသည် ဒုတိယနေရာရောက်လာသော မက္ကဆီကို ဆက်သွယ်ရေးလုပ်ငန်းရှင် သူဌေးကြီး ကားလို့စ်ဆလင်ဟေလုနှင့် ချမ်းသာမှုမှာ မတိမ်းမယိမ်းအနေအထားတွင် ရှိသည်။ ဟေလုသည် လွန်ခဲ့သော နှစ်နှစ်ကနှစ်ဆတိုး၍ ချမ်းသာလာသဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀အထိ ပိုင်ဆိုင်လာကြောင်း ဖောဘက်(စ်)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြောင်း တစေ့တစောင်း

ကိတ်တောင်း မတ် ၇

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲကို အိမ်ရှင်အဖြစ် တောင်အာဖရိကနိုင်ငံက အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ပြင်ဆင်တည်ဆောက်မှု လုပ်ငန်းတွေကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲကျင်းပရေးကော်မတီရဲ့ (၃၂) ကြိမ်မြောက်အစည်းအဝေးကို မတ် ၆ရက်က တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့မှာ ကျင်းပတဲ့အခါ လက်ရှိ တည်ဆောက်နေတဲ့ အားကစားကွင်းနဲ့ တည်းခိုဆောင်တွေ တည်ဆောက်မှုနှုန်းကို လက်ရှိထက် နှစ်ဆတိုးမြှင့် ဆောင်ရွက်ကြဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

တွန်းအားပေး

ဒါ့အပြင် အားကစားကွင်းနဲ့ အားကစားရုံတွေတည်ဆောက်ပြီးစီးမှု အချိန်ကို ၂၀၀၉ ခုနှစ်ကုန်မှာ အပြီးသတ်ဖို့လည်း ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။ လက်ရှိအချိန်မှာ လုံခြုံရေး အစီအမံတွေဆောင်ရွက်မှု၊ ပြင်ဆင်မှု အပိုင်းတွေမှာ အားနည်းနေလို့ ဒီထက် အရှိန်မြှင့် လုပ်ဆောင်ကြဖို့အတွက်လည်း ပြိုင်ပွဲကျင်းပရေးကော်မတီက တွန်းအားပေးဖို့ ကြိုးစားသွားမှာ ဖြစ်တယ်လို့ ပြောကြားပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ပို့စ်အဲလီဇဘတ်မြို့မှာတည်ဆောက်နေတဲ့ ဘောလုံးကွင်းကြီး **(ယာပုံ)** ကတော့ တည်ဆောက်မှု ၄၀ ရာခိုင်နှုန်းပဲ ပြီးစီးနေသေးလို့တာဝန်ရှိသူတွေက စိုးရိမ် ပူပန်စိတ်တွေ ဖြစ်ပေါ်နေပါတယ်။ ဒါပေမယ့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌကိုယ်တိုင် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း တောင်အာဖရိကနိုင်ငံကို သွားရောက်ပြီး ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ၊ တည်ဆောက်နေမှုတွေကို ကိုယ်တိုင် လိုက်လံကြည့်ရှုတဲ့အခါ ကျေနပ်အားရမှုတွေ ရှိတယ်လို့ ဆိုပါတယ်။

မှတ်ချက်ပြု

ဒါပေမယ့် အားကစားရုံ၊ အားကစားကွင်းတွေ တည်ဆောက်မှုနှုန်းဟာ ဒီထက်ပိုမြန်သင့်တယ်လို့တော့ ဖီဖာဥက္ကဋ္ဌက မှတ်ချက်ပြုခဲ့ပါတယ်။ တောင်အာဖရိကရဲ့ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲကျင်းပရေး ကော်မတီကတော့ တည်ဆောက်မှုလုပ်ငန်းတွေဟာ သတ်မှတ်ထားတဲ့ အချိန်အတွင်းမှာ အချိန်ကိုက် ပြီးစီးသွားမှာဖြစ်တဲ့အကြောင်း ဖီဖာဥက္ကဋ္ဌကို ကတိပြုပြောကြားခဲ့ပါတယ်။

တောင်အာဖရိကနိုင်ငံဟာ ၂၀၀၉ ခုနှစ်မှာ ကွန်ဖက်ထရေးရှင်း ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လဲ

မောင်မောင်မြင့်ဆွေ

လက်ခံကျင်းပဦးမှာဖြစ်တာမို့ လက်ရှိ ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် တည်ဆောက်ပြင်ဆင်နေတဲ့ ဘောလုံးကွင်း ငါးကွင်းထဲက ဘောလုံးကွင်း တစ်ကွင်းကို အသုံးပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘောလုံးကွင်း တည်ဆောက်မှုတွေကိုတော့ အရှိန်မြှင့် တည်ဆောက်နေတာမို့ ၂၀၀၉ခုနှစ် အလယ်ပိုင်းမှာတော့ တည်ဆောက်မှု လုပ်ငန်းတွေ အပြီးသတ်တော့မှာ ဖြစ်တယ်လို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီကပြောကြားနေပါတယ်။

တောင်အာဖရိကမှာ ပထမဆုံး ကျင်းပတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲဟာ ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲတွေထက် အဆင့်အတန်း မနိမ့်အောင် ကြိုးစားသွားပါမယ်လို့တော့ တောင်အာဖရိက သမ္မတ သာဘိုအမ်ဘီကီကလည်း ပြောကြားနေတဲ့အကြောင်း ဖော်ပြလိုက်ပါတယ်။ **(အင်တာနက်)**

တိုက်စစ်မှူးရှက်ဖ်ချင်ကိုအား အေစီမီလန်မှ ပြန်လည်ခေါ်ယူလို

မီလန် မတ် ၇

တိုက်စစ်မှူး ရှက်ဖ်ချင်ကိုအား ချယ်လ်ဆီးအသင်းက ထွက်ခွာပေးမည်ဆိုလျှင် အီတလီသို့ ပြန်ခေါ်လိုကြောင်း အေစီမီလန်အသင်း ဥက္ကဋ္ဌ ဘာလုစ်ကိုနီက ပြောကြားလိုက်သည်။ အသက် ၃၁နှစ်ရှိ ရှက်ဖ်ချင်ကိုသည် မီလန်၌ ခုနစ်နှစ်တာ ကစားခဲ့သူဖြစ်သည်။ ဘာလုစ်ကိုနီက တိုက်စစ်မှူး ရော်နယ်ဒိုဒဏ်ရာရထားသဖြင့် အစားထိုးနိုင်ရေး ရှက်ဖ်ချင်ကိုအား ခေါ်ယူရန် အရေးတကြီး လိုအပ်နေသည်။

အေစီမီလန်က လိုလားနေသော တိုက်စစ်မှူး ရှက်ဖ်ချင်ကို။

အမြန်ခေါ်ယူမည်

ရှက်ဖ်ချင်ကိုသည် မိမိတို့အား ကူညီပေးရန် အသင့်ရှိနေသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း၊ အသင်း ပိုင်ရှင် အေဘရာမိုဗစ်အနေဖြင့်ခွင့်ပြုနိုင်လျှင် အမြန်ခေါ်ယူသွားမည် ဖြစ်

မြင့်မောင်စိုး

ကြောင်း ဘာလုစ်ကိုနီက ဆက်လက်ပြောကြားသည်။

တိုက်စစ်မှူး ရှက်ဖ်ချင်ကိုသည် ၂၀၀၅ခုနှစ်က မီလန်မှ ချယ်လ်ဆီးသို့ ပေါင်သန်း ၃၀ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၆၈ပွဲကစားပေးပြီး ဂိုးပေါင်း၂၀ သွင်းယူပေးထားသည်။ **(အင်တာနက်)**

အင်္ဂလန်နည်းပြ ကာပယ်လို ဘက်ခမ်းအား ပြန်လည်ခေါ်ယူမည်

လန်ဒန် မတ် ၇

ကွင်းလယ် ကစားသမား ဒေးဗစ်ဘက်ခမ်းအား ပွဲပေါင်း ၁၀၀ပြည့် ပါဝင်ကစားခွင့်ရရှိရန် မတ်၂၆ရက်တွင် ပါရီမြို့၌ ပြင်သစ်အသင်းနှင့် ကစားမည့် ချစ်ကြည်ရေးပွဲတွင် ပါဝင်ကစားခွင့်ရဖွယ်ရှိကြောင်း အင်္ဂလန်နည်းပြ ကာပယ်လိုက ပြောကြားလိုက်သည်။

ဘက်ခမ်းအား နည်းပြ ကာပယ်လိုက ဆွစ်ဇာလန်နှင့် ကစားသည့် ပြိုင်ပွဲတွင် ကြံ့ခိုင်မှု အားနည်း၍ ခေါ်ယူ ကစားခဲ့ခြင်း မရှိကြောင်း ပြောကြားသည်။

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်း။

အသက် ၃၂ နှစ်ရှိ ဒေးဗစ်ဘက်ခမ်းသည် အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၉၉ပွဲ ကစားပေးခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းအား လာမည့်ပြိုင်ပွဲအတွက် ရွေးချယ်သွားရန် အလားအလာများနေပြီဖြစ်ကြောင်း အီတလီနိုင်ငံသား နည်းပြ ကာပယ်လိုက ပြောကြားသည်။

ခြေစွမ်း

မေဂျာလိဂ် ဘောလုံးပြိုင်ပွဲများကို မတ်၂၉ရက်တွင် စတင်ကစားမည်ဖြစ်သည်။ သို့သော်လည်း ဂလက်ဆီအသင်းသည် မတ်၁၅ရက်တွင် ရာသီအကြို ပြိုင်ပွဲတစ်ပွဲ ကစားရန်ရှိသည်။ ယင်းပြိုင်ပွဲတွင် ဒေးဗစ်ဘက်ခမ်း၏ ခြေစွမ်းကို ကြည့်ရမည်ဖြစ်ကြောင်း နည်းပြ ကာပယ်လိုက ပြောကြားသည်။ **(အင်တာနက်)**

ချယ်လ်ဆီး၏ အနိုင်ရမှု မော်ရင်ဟိုမကျေမနပ်ဖြစ်

လန်ဒန် မတ် ၇

ပရီမီယာလိဂ် ကလပ်တစ်ခုသို့ ပြန်လာချိန်တွင် ချယ်လ်ဆီးအသင်း ကျရှုံးရန် စီစဉ်ထားကြောင်း နည်းပြဟောင်း ဟိုဆေးမော်ရင်ဟိုက ထုတ်ဖော်ပြောကြားလိုက်သည်။

လာမည့်ရာသီ ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချယ်လ်ဆီးအသင်း ရှုံးထွက်အဆင့်မှ ထွက်သွားစေရမည်ဖြစ်ကြောင်း နည်းပြဟောင်း မော်ရင်ဟိုက ပြောကြားသည်။

မိမိအနေဖြင့် လာမည့်ရာသီတွင် ချန်ပီယံလိဂ် အသင်းတစ်သင်းကို

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို

ကိုင်တွယ်ခွင့်ရမည်ဆိုလျှင်ချယ်လ်ဆီးအသင်းအား ဖြုတ်ချသွားမည် ဖြစ်ကြောင်း အသက်၄၅နှစ်ရှိ မော်ရင်ဟိုက ပြောကြားသည်။

ငြင်းဆို

မော်ရင်ဟိုသည် ဘာစီလိုနာအသင်းနှင့် အကြိုသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် ငြင်းဆိုထားသည်။

(အင်တာနက်)

ကွာလာလမ်ပူ အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဒေါက်ဂျာတီ အများဆုံးလျှော့ရိုက်ပြီး ဦးဆောင်နေ

ကွာလာလမ်ပူ မတ် ၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် အိုးပင်းဂေါက်သီးရိုက် အားကစားပြိုင်ပွဲကို မတ်၆ရက်မှစ၍ ယှဉ်ပြိုင် ကစားလျက်ရှိရာ ပထမနေ့အပြီး အင်္ဂလန်မှ နစ်ဒေါက်ဂျာတီက သတ်မှတ်ရိုက်ချက်ထက် ၁၀ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်နေသည်။

အင်္ဂလန်ဂေါက်သီးသမား ဒေါက်ဂျာတီ

ဒေါက်ဂျာတီသည် ဥရောပပြိုင်ပွဲများ သမိုင်းတစ်လျှောက် ယင်းကဲ့သို့ အဖွင့်နေ့တွင် သတ်မှတ်ရိုက်ချက်ထက် အချက်များများ လျှော့ရိုက်ထားနိုင်သူဖြစ်၍ ဗိုလ်စွဲရန် အလားအလာရှိနေသည်။ ၎င်းသည် ဖွင့်ပွဲနေ့၌ စုစုပေါင်း ၆၂ချက် ရိုက်ထားသည်။ ဒေါက်ဂျာတီသည် ပထမကျင်း ၁၃ကျင်းကစားရာမှာပင် ဘာဒီ ၁၀ကြိမ်ရခဲ့သည်။ ယင်းပြိုင်ပွဲအဖွင့်ပွဲနေ့၌ ဩစတြေးလျ ဂေါက်သီးကစားသမားများဖြစ်ကြသည့် စီမွန်ဒိုင်ဆွန်နှင့် မားကက်စ်ဖရာဆာတို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျှော့ရိုက်ပြီး ဒုတိယနေရာ၌ ဦးဆောင်နေကြသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဈေးအကြီးဆုံးကိတ်မုန့်

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မတ် ၆ရက်က ကျင်းပသော နိုင်ငံတကာ ကျောက်မျက်ပြပွဲ၌ ရွှေဖြူများ၊ အဖိုးတန်ကျောက်မျက်များ စီခြယ်ထားသည့် ကိတ်မုန့်တစ်လုံးသည် အမေရိကန်ဒေါ်လာ ၁၃၀၀၀၀၀တန်ဖိုးရှိရာ ကမ္ဘာပေါ်၌ ဈေးအကြီးဆုံး ကိတ်မုန့်ပင်ဖြစ်သည်။ (အင်တာနက်ဓာတ်ပုံ)

အသားညှပ်ပေါင်မုန့် အများဆုံးစားနိုင်သူ

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ အသက် ၂၃နှစ်အရွယ် ဂျိုရီချက်နပ်က အသားညှပ်ပေါင်မုန့် ၆၆ခုကို အချိန်၁၂မိနစ်အတွင်း ကုန်အောင်စားနိုင်ခဲ့ရာ ကမ္ဘာပေါ်၌ အချိန်တိုအတွင်း အသားညှပ်ပေါင်မုန့် အများဆုံး စားနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်ဓာတ်ပုံ)



စာမျက်နှာ ၃ မှ

လွတ်လွတ်လပ်လပ်နေထိုင်လုပ်ကိုင် ဆောင်ရွက်ခွင့် ရလိုကြပါတယ်။ ဥပဒေရဲ့အရိပ်အာဝါသအောက်မှာ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းတွေကို ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ရင်း ဘဝတိုးတက်မှုကိုပဲ လိုလားကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွက် အလိုအပ်ဆုံးနဲ့ ပြည်သူတွေကလည်း အလိုလားဆုံးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှုကို အထိပါးမခံနိုင်ပါဘူး၊ ဒါကြောင့်လည်း အကောင်းဆုံးအခြေအနေကို ဖော်ဆောင်နိုင်ဖို့ ကြေညာချက်အမှတ် (၁/၂၀၀၇)ကို ထုတ်ပြန်ပြီး လမ်းခင်းပေးခဲ့တာဖြစ်ပါတယ်။ ကြေညာချက်(၁/၂၀၀၇)ဟာ အခြေအနေအားလုံးရဲ့ အခြေခံပင်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

နောက်ဆုံးနဲ့ ပဉ္စမအချက်ကတော့ ကုလသမဂ္ဂရဲ့ အကူအညီနဲ့ စီးပွားရေး၊ လူမှုရေးကိစ္စများဖြေရှင်းရန် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်တဲ့ အမျိုးသားစီးပွားရေးဖိုရမ်တစ်ခု တည်ထောင်ပေးရေးနဲ့ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်သည့် ယန္တရားများ တည်ထောင်ရေးပဲဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး အဆွေတော်ရဲ့ ယခင်ခရီးစဉ်မှာလည်း ကျွန်တော်တို့ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ အဆွေတော်တို့ဘက်က အခုလို ကူညီမယ်ဆိုတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ သို့သော် **ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု အခက်အခဲဖြစ်ရခြင်းရဲ့ အဓိကအကြောင်းရင်းမှာ အဘက်ဘက်က ပိတ်ဆို့မှုတွေကြောင့်ပဲဖြစ်ပါတယ်။ အဲဒီစီးပွားရေး ပိတ်ဆို့မှုတွေ၊ နိုင်ငံတကာအထောက်အပံ့၊ ချေးငွေပိတ်ဆို့ဖြတ်တောက်မှုတွေကို ရုပ်သိမ်းပေးအောင် အဆွေတော်တို့ဘက်က ဦးစွာကူညီဆောင်ရွက်ပေးမယ်ဆိုရင် အဆွေတော်တို့ ယခုပြောနေတဲ့ Economic Forum ဆိုတာထက် အများကြီးပိုပြီး ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ပိတ်ဆို့မှုတွေလုပ်ထားပြီး တစ်ဖက်က ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် ကူညီပေးမယ်ဆိုတာ တကယ်တမ်းကျတော့ ဘယ်လိုမှ အဖြေမှန်ကိုရောက်နိုင်မှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။**

ဆက်လက်ပြီး တပ်မတော်အစိုးရရဲ့ နိုင်ငံရေး ကြိုးပမ်းဆောင်ရွက်မှုများနဲ့ ဖြစ်ပေါ်တိုးတက်မှုများကို အကျဉ်းမျှ ရှင်းလင်းပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ခရီးစဉ်တိုင်းမှာ အကျယ်တဝင့် ဆွေးနွေးခဲ့ပြီးဖြစ်လို့ အားလုံးကို ခြုံငုံသဘောပေါက်နားလည်ပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

ဆွေးနွေးညှိနှိုင်း

လက်ရှိအခြေအနေမှာ ကျွန်တော်တို့အနေနဲ့ **ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၁၉-၂-၂၀၀၈ ရက်နေ့မှာ အပြီးသတ်ရေးဆွဲအတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် မေလမှာ ပြည်သူ့ဆန္ဒခံယူ အတည်ပြုနိုင်ဖို့အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သလို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေများကိုလည်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ဆန္ဒခံယူပွဲ ဖြစ်မြောက်စေရန်လည်း စီမံဆောင်ရွက်သွားမည်သာဖြစ်ပါတယ်။ ဆန္ဒခံယူပွဲကျင်းပရာမှာလည်းကောင်း၊ ရွေးကောက်ပွဲများမှာလည်းကောင်း၊ ကျန်အဆင့်များ ဆောင်ရွက်ရာမှာလည်းကောင်း လက်ရှိအစိုးရကို ထောက်ခံသူများရော၊ ဆန့်ကျင်သူများပါ အခွင့်အရေးတန်းတူ အားလုံးပါဝင်ခွင့်ရှိတယ်ဆိုတာကိုလည်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံက အခြေခံပြဋ္ဌာန်းပေးတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုလည်း နောင် နှစ်နှစ်ခန့်အတွင်းမှာ အောင်မြင်အောင် ဖော်ဆောင်နိုင်တော့မှာဖြစ်ပါတယ်။** လွှတ်တော်ပေါ်လာတဲ့အခါမှာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲထက် ကျယ်ပြန့်တဲ့ဆွေးနွေးညှိနှိုင်းမှုတွေကို လုပ်နိုင်ကြမှာဖြစ်ပါတယ်။

ယခု ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိ အရှိတရားကို အခြေခံပြီး ရေးဆွဲပြုစုထားခြင်းဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ အရှိတရားကိုကျော်လွန်ပြီး ဇွတ်အတင်း အကောင်အထည်ဖော်မယ်ဆိုရင် အကျိုးထက် အပြစ်က ပိုပြီးများဖို့ပဲရှိပါလိမ့်မယ်။ ယခု အခြေခံဥပဒေကို ခြုံပြီးလေ့လာ သုံးသပ်ကြည့်မယ်ဆိုရင် ယခင်အခြေခံဥပဒေတွေထက် လူပုဂ္ဂိုလ်တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးတွေ၊ တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခွင့်အရေးတွေ ပိုမိုအပ်နှင်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံသား၊ နိုင်ငံသားအခွင့်အရေးနှင့် တာဝန်များအပိုင်းနဲ့ ပတ်သက်ပြီး ၁၉၄၇ ခုနှစ် ဥပဒေမှာ ပုဒ်မ ၂၃ ခု၊ ၁၉၇၄ ခုနှစ် ဥပဒေမှာ ပုဒ်မ ၂၆ ခုသာ ပါဝင်ခဲ့ပေမယ့် ယခုဥပဒေမှာတော့ ပုဒ်မ ၅၀ အထိ တိုးတက်ပါဝင် ပြဋ္ဌာန်းပေးထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကျင့်သုံးဆောင်ရွက်ခွင့်

ယခင် ဥပဒေများမှာ တိုင်းရင်းသားများရဲ့ အခွင့်အရေးနဲ့ ပတ်သက်ပြီး အားနည်းချက်၊ ချို့ယွင်းချက်တွေရှိခဲ့တဲ့အတွက် ပြည်တွင်းသောင်းကျန်းမှုပြဿနာများ ပေါ်ပေါက်ခဲ့ရပါတယ်။ ဒါကြောင့် တိုင်းရင်းသားများအတွက် လက်ရှိအခြေအနေအရ အဖြစ်နိုင်ဆုံး အခွင့်အရေးများရရှိအောင် ဖော်ဆောင်ပေးထားပါတယ်။ ၁၉၄၇ ခုနှစ် ဥပဒေမှာ ကချင်၊ ကယား၊ ကရင်နဲ့ ရှမ်းတိုင်းရင်းသား လေးမျိုးအတွက်သာ ပြည်နယ်ရရှိခဲ့ပြီး ၁၉၇၄ ခုနှစ် ဥပဒေမှာတော့ ချင်း၊ မွန်နဲ့ ရခိုင် တိုင်းရင်းသားများအတွက်ပါ ပြည်နယ်များ ထပ်မံရရှိခဲ့ပါတယ်။ ယခု အခြေခံဥပဒေမှာတော့ ပြည်နယ်ခုနစ်ခုအပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခု တိုးတက်ရရှိလာမှာဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလူမျိုးစုများအနေနဲ့ မိမိဒေသအရေးကို မိမိတို့ဘာသာ စီမံခန့်ခွဲနိုင်ရန်အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လွှတ်တော်များကိုလည်းကောင်း၊ အစိုးရအဖွဲ့များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်များနဲ့ ပြည်နယ်တရားလွှတ်တော်များကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခွင့်ရကြမှာ ဖြစ်ပါတယ်။ အလားတူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများအလိုက် ဦးစီးအဖွဲ့များ ဖွဲ့စည်းပြီး ဥပဒေပြုခွင့်အာဏာ၊ အုပ်ချုပ်ခွင့်အာဏာတို့ကို ကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခွင့် ရကြမှာပဲဖြစ်ပါတယ်။

ထို့မျှမက တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသများမရရှိတဲ့ လူဦးရေနည်းတဲ့ တိုင်းရင်းသားများအနေနဲ့လည်း သူတို့ရဲ့လူဦးရေဟာ တစ်နိုင်ငံလုံးရဲ့ ၀ ဒသမ ၁ရာခိုင်နှုန်းရှိခဲ့ရင် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များမှာ ကိုယ်စားလှယ်ပါဝင်ခွင့်ရရှိပြီး ဥပဒေပြုခွင့်ရကြမှာဖြစ်ပါတယ်။ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များမှာ လူမျိုးစုရေးရာဝန်ကြီးအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရရှိမှာဖြစ်ပါတယ်။ လူနည်းစု တိုင်းရင်းသားများအနေနဲ့လည်း သူတို့ရဲ့လူဦးရေဟာ တစ်သောင်းကျော်မယ်ဆိုရင် မိမိတို့နေထိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များမှာ ကိုယ်စားလှယ်ပါဝင်ဆောင်ရွက်ခွင့် ရကြမှာဖြစ်ပါတယ်။

ပြင်ဆင်ခွင့်ရှိ

ဒါ့အပြင် ဒီအခြေခံဥပဒေဟာ ထာဝစဉ်တစ်သမတ်တည်း ဒီအတိုင်းသွားဖို့မဟုတ်ပါဘူး။ ပြောရမယ်ဆိုရင် ယနေ့ ဒီမိုကရေစီထွန်းကားနေပါပြီဆိုတဲ့ နိုင်ငံကြီးတွေမှာကျင့်သုံးနေတဲ့ ဒီမိုကရေစီ အခွင့်အလမ်းများဟာ တဖြည်းဖြည်းရင့်ကျက် ပြောင်းလဲလာပြီးမှ လက်ရှိ ဒီမိုကရေစီအဆင့်အတန်းကိုရောက်ရှိကြရတာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အလားတူ တဖြည်းဖြည်းရင့်ကျက် ပြောင်းလဲကြရမှာပဲဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်တိုးတက်လာတာနဲ့အမျှ၊ ဒီမိုကရေစီကိုကျင့်သုံးတဲ့ပြည်သူများ ရင့်ကျက်ပြည့်ဝလာတာနဲ့အမျှ ဒီမိုကရေစီအခွင့်အလမ်းများ ပိုမိုပွင့်လင်းလာမည်သာဖြစ်ပါတယ်။ အဲဒါကိုရည်ရွယ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းကို ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်များနဲ့အညီ နောင်တစ်ချိန် ပေါ်ပေါက်လာမယ့် လွှတ်တော်များအတွင်းမှာ ညှိနှိုင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခွင့်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။

ဒီအချက်တွေကိုကြည့်မယ်ဆိုရင် **ယခုဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေအတွက်တော့ ဒီနေ့ ဒီအချိန်မှာ အကောင်းဆုံးနဲ့ အသင့်မြတ်ဆုံးဖြစ်ကြောင်း ပေါ်လွင်နေပါတယ်။ ကျွန်တော်တို့ကတော့ ဒီအခြေခံဥပဒေကို အခြေခံပြီး ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် မမှိတ်မသုန်ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။**

ကန့်သတ်ထား

အခြေခံဥပဒေရေးဆွဲမှုနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံရဲ့ (၁၇)ကြိမ်မြောက် အခြေခံဥပဒေရေးဆွဲမှုကို ဥပမာပေးနှိုင်းယှဉ်ပြလိုပါတယ်။ ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီက အခြေခံဥပဒေရေးဆွဲရေးညီလာခံအတွက် သင့်လျော်သူ ၂၀၀၀ ကို စတင်ရွေးချယ်ပေးခဲ့ပါတယ်။ အဲဒီအဖွဲ့ဝင် ၂၀၀၀ အနက်မှ အချင်းချင်းမဲပေးပြီး မဲအများဆုံးရရှိသူ ၂၀၀ ရဲ့ အမည်စာရင်းကိုတင်သွင်းရပါတယ်။ အမျိုးသားလုံခြုံရေးကောင်စီကနေ အဲဒီ ၂၀၀ ထဲက သင့်တော်သူ ၁၀၀ ကိုရွေးချယ်ပြီး အခြေခံဥပဒေရေးဆွဲရေးညီလာခံကိုယ်စားလှယ်များအဖြစ်ခန့်အပ်ခဲ့ပါတယ်။ အဲဒီ ၁၀၀ ကနေပြီး အဖွဲ့ဝင်မဟုတ်သူများအတွင်းမှ အခြေခံဥပဒေမူကြမ်းပြုစုရေးကော်မတီဝင် ၂၅ ဦးကို ရွေးချယ်ပေးရပြီး အမျိုးသားလုံခြုံရေးကောင်စီက နောက်ထပ် ၁၀ ဦး ရွေးချယ်ခန့်အပ်ပါတယ်။ အဆိုပါကော်မတီဝင်များဟာ လွန်ခဲ့သည့် နှစ်နှစ်အတွင်း နိုင်ငံရေးပါတီတစ်ခုခုတွင်ပါဝင်သူမဖြစ်ရဘူးလို့ ကန့်သတ်ထားခဲ့ပါတယ်။ အဆိုပါ ၃၅ ဦးပါ ကော်မတီကသာ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာတော့ ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်ပါဝင်ပြီး အခြေခံမူများ ညှိနှိုင်းဆုံးဖြတ်ချမှတ်ကာ အဲဒီအခြေခံမူများကို အခြေခံလျက် အဖွဲ့ဝင် ၅၄ ဦးပါ ကော်မရှင်က ပြုစုရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။ အချိန်ယူ ပြင်ဆင်မှု၊ အလေးအနက်ထား ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှု၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်မှု အပိုင်းတွေမှာ အများကြီး ကွာခြားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ အထက်လွှတ်တော်မှာ ကိုယ်စားလှယ် ၁၅၀ပါဝင်ပြီး ပြည်နယ် ၇၆ပြည်နယ်မှ တစ်ဦးကျစီနဲ့ အမတ် ၇၆ ဦးကို ရွေးကောက်တင်မြှောက်စေပြီး ကျန် ၇၄ ဦးကို အသိပညာရှင်၊အတတ်ပညာရှင်၊ အစိုးရအမှုထမ်းများနဲ့ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များကို ရွေးကောက်ပွဲကော်မရှင်က ရွေးချယ်ခန့်ထားပေးပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုလွှတ်တော်မှာ တိုက်ရိုက်ခန့် တပ်မတော်သား ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်ချိန်မှာ သူတို့ဆီမှာ တိုက်ရိုက်ခန့် ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်းနီးပါး ပါဝင်နေတာ တွေ့ကြရမှာ ဖြစ်ပါတယ်။

သဘာဝမကျ

အခုဆိုရင် ထိုင်းနိုင်ငံရဲ့ အခြေခံဥပဒေကို ထိုင်းပြည်သူများက အတည်ပြုပြီး စတင်ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီ အခြေခံဥပဒေကို ရေးဆွဲရာမှာ PPP ပါတီနဲ့ အတိုက်အခံ ဒီမိုကရက်ပါတီတွေက ကိုယ်စားလှယ်တစ်ယောက်မှ ပါဝင်ခွင့်မရခဲ့ပါဘူး။ ပိုပြီးထင်ရှားအောင် ဥပမာပြရမယ်ဆိုရင် အီရတ်မှာ အခြေခံဥပဒေ ရေးဆွဲတုန်းက အမေရိကန်ကို ဆန့်ကျင်တဲ့ ရှီးယိုက်စစ်သွေးကြွတွေရော၊ အယ်လ်ကေဒါနဲ့ အဆက်အသွယ်ရှိတဲ့ ဆွန်နီစစ်သွေးကြွတွေရော လုံးဝပါဝင်ခွင့် မရခဲ့သလို အာဖဂန်နစ္စတန်မှာလည်း အခြေခံဥပဒေ ရေးဆွဲရာမှာ တာလီဘန်တွေ လုံးဝပါဝင်ခွင့် မရခဲ့ပါဘူး။ အဲဒီဖြစ်စဉ်များတုန်းက တစ်ခွန်းတစ်ပါဒမျှ ကန့်ကွက်ပြောဆိုခဲ့တာမျိုး မကြားမိခဲ့ပါဘူး။ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေကျမှ ဘယ်သူဘယ်ဝါ မပါလို့ဆိုပြီး ဝေဖန်ပြောဆိုနေတာတွေဟာ သဘာဝမကျဘူးလို့ ထင်မြင်ယူဆမိပါတယ်။

တစ်ဆက်တည်း ပြောလိုတာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ယနေ့အခြေအနေဟာ နိုင်ငံတကာကို ခြိမ်းခြောက်နိုင်ဖို့ မဆိုထားနဲ့၊ ဒေသတွင်းနိုင်ငံများရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ လုံခြုံမှုကိုတောင် ခြိမ်းခြောက်မှုတစ်စုံတစ်ရာ မရှိပါဘူး။ ဒါကို အာဆီယံနိုင်ငံများ၊ ဘက်မလိုက်နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများအားလုံးက ထောက်ခံခဲ့ကြပြီး ဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ နိုင်ငံအချို့မှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ အလွန်ပဲ ပြင်းထန်ဆိုးရွားပြီး နိုင်ငံတကာ လုံခြုံရေးနဲ့ ငြိမ်းချမ်းရေးကို အကြီးအကျယ် ခြိမ်းခြောက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံထက် များစွာ ပိုမိုဆိုးရွားနေတယ်ဆိုတာကိုလည်း ထင်ထင်ရှားရှား တွေ့ရှိနိုင်ပါတယ်။ သို့သော်လည်း ဒီလို နိုင်ငံတကာ ပြဿနာတွေကိုတော့ ကိုင်တွယ်ဖြေရှင်းမှု မပြုလုပ်ဘဲ ကျွန်တော်တို့နိုင်ငံကိုသာ အဘက်ဘက်က ဖိအားပေး ထိုးနှက်နေတာဟာ တရားမျှတမှု မရှိဘူးလို့ ယူဆပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ ကျော်သား၊ ရင်သား မခွဲခြားဘဲ အရာရာမှာ ဖြောင့်မတ်တည်ကြည်မှန်ကန်မျှတစွာ ရပ်တည်ဆောင်ရွက်သင့်လှပါတယ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဘင်္ဂါလီစွန်နီဂျာမေဗလီဝတ်ကျောင်း၌ ဝတ်ပြုဆုတောင်းစဉ်။ (သတင်းစဉ်)

အကြံပြုလို

ဒါကြောင့် **ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူရဲ့ ပကတိ အရှိတရားနဲ့ လိုက်လျောညီထွေဖြစ်အောင် ဒီမိုကရေစီ ဖော်ဆောင်နေမှုကို အဆွေတော်တို့ဘက်က အောင်မြင်သည်ထက် အောင်မြင်အောင် ဝိုင်းဝန်း ကူညီသင့်လှပါတယ်။ အဲဒီလို ဝိုင်းဝန်း ကူညီပံ့ပိုးခြင်းအားဖြင့်မြန်မာပြည်သူအားလုံးကရော၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာကရော၊ဆန့်ကျင်ဘက် အဖွဲ့များကရော လိုလားနေတဲ့ ဒီမိုကရေစီပန်းတိုင်ကို အမြန်ဆုံး အောင်မြင်အောင် ဖော်ဆောင်နိုင်မှာပဲဖြစ်ပါတယ်။ ပံ့ပိုးကူညီရမယ့်အစား ဝေဖန် ကန့်ကွက်မှုတွေ၊ ပိတ်ဆို့ ဟန့်တားမှုတွေကို အားပေးအားမြှောက်ပြုနေမယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ ဒီမိုကရေစီပန်းတိုင်ကို ဝေးသည်ထက်ဝေးအောင်၊ အချိန်ကြာသည်ထက်ကြာအောင်လုပ်နေတာနဲ့ အတူတူပါပဲ။ ဒါကြောင့် ဒီအခြေအနေတွေကို အပြည့်အဝနားလည်သဘောပေါက်ပြီး အမှန်တရားဘက်က ရပ်တည်ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဒါ့အပြင် NLDနဲ့ အပေါင်းပါတွေကိုလည်း မူဝါဒလမ်းစဉ် (၇)ရပ် ဖော်ဆောင်မှုမှာ ရောက်တဲ့နေရာကနေ ပူးပေါင်းဆောင်ရွက်သွားဖို့ ဒီမိုကရေစီဖော်ဆောင်ပြီးချိန်မှာ သတ်မှတ်ထားတဲ့ မူဝါဒတွေ၊ ဥပဒေတွေနဲ့အညီ ဒီမိုကရေစီယှဉ်ပြိုင်မှုအတွက် ခြေလှမ်းသစ်တွေ စတင်ကြဖို့ တွန်းအားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။**

သုံးသပ်တွေ့ရှိ

တစ်ဆက်တည်း NLDရဲ့ဆန့်ကျင်တောင်းဆိုမှုတွေကိုလည်း ရှင်းပြလိုပါတယ်။ NLDအနေနဲ့ ၉၀ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို ကိုင်စွဲထားရေးနဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတဲ့ ဗျူဟာတွေချပြီး ဆန့်ကျင်လုပ်ဆောင်နေပါတယ်။ တွေ့ဆုံဆွေးနွေးရေးနဲ့ ပတ်သက်ပြီး ရှေ့ပိုင်းမှာ ကျွန်တော်ပြောခဲ့တဲ့ အစိုးရအဖွဲ့ရဲ့ ကြေညာချက်(၁/၂၀၀၇)ဟာ တွေ့ဆုံဆွေးနွေးမှုအောင်မြင်ရေးရဲ့ အခြေခံပဲဖြစ်ပါတယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးရေးကိစ္စကို ထပ်ပြီး မရှင်းတော့ပါဘူး။ သို့သော် ၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုတဲ့ကိစ္စကို အနည်းငယ်ရှင်းပြလိုပါတယ်။ ၁၉၉၀ပြည့်နှစ်ကာလမှာ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၄၂သန်းမျှသာရှိပြီး မဲပေးပိုင်ခွင့်ရှိသူ သန်း ၂၀ကျော်သာ ရှိခဲ့ပါတယ်။ ရွေးကောက်ပွဲကိုလာရောက်ဆန္ဒမဲပေးခဲ့သူ ၁၅သန်းကျော်ရှိခဲ့ပြီး NLDကိုယ်စားလှယ်တွေဟာ ထောက်ခံမဲခုနစ်သန်းကျော် ရရှိခဲ့ပါတယ်။ ဒါကြောင့် NLD ရရှိတဲ့မဲဟာ မဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ ၃၀ရာခိုင်နှုန်းကျော်သာရှိကြောင်း တွေ့ရပါတယ်။ NLDဟာ မဲဆန္ဒနယ်အတော်များများမှာ နိုင်ခဲ့တာမှန်ပေမယ့် ပြည်သူအများစုရဲ့ ထောက်ခံမှုရတာတော့မဟုတ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

ကျော်လွန်ခဲ့ပြီ

လက်ရှိရွေးချယ်ခံရသူများရဲ့ အခြေအနေကို ကြည့်ရင်လည်း NLD ဟာ မဲဆန္ဒနယ်မြေ ၄၈၅ခုအနက် ၃၉၂နေရာအနိုင်ရရှိခဲ့ပေမယ့် တစ်သီးပုဂ္ဂလသို့ ပြောင်းလဲသူ၊ ကွယ်လွန်သူ၊ နုတ်ထွက်သူ၊ အရည်အချင်းပျက်ယွင်းသူ၊ တည်ဆဲဥပဒေများကို ဖောက်ဖျက်သဖြင့် ပြစ်ဒဏ်ကျခံရသူ၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသူစုစုပေါင်း ၃၁၂ဦးရှိခဲ့တဲ့အတွက် လက်ကျန်ကိုယ်စားလှယ်၈၀သာကျန်ပါတယ် ။NLD အပြင်အခြားပါတီများနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များပါ ထည့်သွင်းတွက်ချက်ပါက စုစုပေါင်းလက်ကျန်ကိုယ်စားလှယ်ဟာ ၁၂၀ဖြစ်တဲ့အတွက် ရွေးချယ်ခံကိုယ်စားလှယ်စုစုပေါင်းရဲ့ ၂၄ရာခိုင်နှုန်းကျော်သာရှိမှာ ဖြစ်ပါတယ်။ အခြေခံဥပဒေတွေကို လေ့လာမယ်ဆိုရင် လွှတ်တော်ခေါ်ယူရန်အတွက် အနည်းဆုံးလွှတ်တော်ကိုယ်စားလှယ် သုံးပုံ တစ်ပုံမှ တောင်းဆိုရန်လိုအပ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၁၉၇၄ခုနှစ်ဥပဒေမှာလည်း လွှတ်တော်ကိုယ်စားလှယ် ၃၄ရာခိုင်နှုန်းက တောင်းဆိုပါက နိုင်ငံတော်ကောင်စီမှ လွှတ်တော်အစည်းအဝေးကို အမြန်ဆုံးခေါ်ယူပေးရမယ်လို့ ပါရှိပါတယ်။ ဒါကြောင့် NLDကိုယ်စားလှယ်၈၀ရဲ့ လွှတ်တော်ခေါ်ပေးဖို့ တောင်းဆိုမှုဟာ

ယခင်စံနှုန်းများ၊ နိုင်ငံတကာစံများနဲ့ ဘယ်လိုမှ မကိုက်ညီတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်တစ်ရပ်ရဲ့ သက်တမ်းဟာ များသောအားဖြင့် အနည်းဆုံး လေးနှစ်မှ အများဆုံးငါးနှစ်အထိသာ ထားလေ့ရှိကြတာမို့ ကာလအားဖြင့်လည်း များစွာကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။

ဒါ့အပြင် ဒီနေ့အချိန်အခါမှာ ကျွန်တော်တို့ပြည်သူတွေရဲ့ ပညာ၊ အသိ၊ ခံယူချက် သဘောထားတွေဟာ ၉၀ပြည့်နှစ် အချိန်တုန်းကနဲ့ ဘာမှမဆိုင်အောင် များစွာတိုးတက်ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ အဲဒီတုန်းက ပုခက်တွင်းက ကလေးငယ်တွေဟာ အခုအချိန်မှာ ၁၈နှစ်ပြည့်မြောက်ခဲ့ပြီး မဲပေးခွင့်ရှိတဲ့အရွယ် ရောက်လာကြပြီဖြစ်ပါတယ်။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၈နှစ်တုန်းက ရလဒ်ကို တရားသေဆုပ်ကိုင်ပြီး မဆင်မခြင် တောင်းဆိုနေတာဟာ ဘယ်လိုမှ သဘာဝမကျတဲ့ တောင်းဆိုမှုသာဖြစ်ပါတယ်။ NLD အနေနဲ့ ဒီလိုသဘာဝမကျတဲ့၊ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ တစ်ဖက်သတ်တောင်းဆိုမှုတွေကို စွန့်လွှတ်သင့်ပြီဖြစ်ကြောင်း အဆွေတော်ကတစ်ဆင့် အသိပေးပြောကြားလိုပါတယ်။

ဆက်လက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနဲ့ အဆွေတော်ရဲ့အခန်းကဏ္ဍကို ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များ တိုးတက်ဆောင်ရွက်နေမှုအပေါ် ကြိုဆိုထောက်ခံအသိအမှတ်ပြုသည့်နည်းတူ ဒီလုပ်ငန်းစဉ်တွေ အောင်မြင်ပြီးမြောက်စေဖို့အတွက် အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ Good Offices အနေနဲ့ မှန်ကန်စွာပူးပေါင်းဆောင်ရွက် ပေးနိုင်လိမ့်မယ်လို့ ပြည်သူအများက ယုံကြည်မျှော်လင့်လျက်ရှိကြပါတယ်။ ဒါကြောင့်လည်း ပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါတယ်။

အသိပေးပြသခဲ့

ပြီးခဲ့တဲ့အခေါက် စတုတ္ထအကြိမ်ခရီးစဉ်မှာ အဆွေတော်ရဲ့ အကြံပြုချက်များအတိုင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံရေးအတွက် ဝန်ကြီးဦးအောင်ကြည်အား ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခြင်း၊ ညမထွက်ရအမိန့်များ ပြန်လည်ရုပ်သိမ်းပေးခြင်း၊ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားအများအပြားကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး လွှတ်ပေးခြင်း၊ အဆွေတော် တွေ့ဆုံလိုတဲ့ လူပုဂ္ဂိုလ်၊ ပါတီ၊ အဖွဲ့အစည်းများကိုလည်း အများဆုံး တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးခြင်း စသည်ဖြင့် အထွေထွေအတွင်းရေးမှူးချုပ်နဲ့ အဆွေတော်တို့အပေါ် အလေးအနက်ထားမှု၊ ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ ပူးပေါင်းဆောင်ရွက်လိုမှုများကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါ့အပြင် အဆွေတော်အား ကျွန်တော်တို့ပြည်တွင်းမှာ လက်ရှိဖြစ်ပေါ်နေတဲ့ပကတိအခြေအနေမှန်များကို ထင်သာမြင်သာရှိအောင် ပြသပေးခဲ့ပါတယ်။ ဆန့်ကျင်လိုသူများရဲ့ သွေးထိုးဖန်တီးမှုများကြောင့် ဖြစ်ပေါ်ခဲ့ရတဲ့ စက်တင်ဘာလဖြစ်စဉ်များရဲ့ အခြေအနေမှန်များကိုလည်း မခြွင်းမချန်ရှင်းပြခဲ့ပါတယ်။ ဒါ့အပြင် စက်တင်ဘာလဖြစ်စဉ်ဟာ ရန်ကုန်၊ မန္တလေးစတဲ့ နေရာအနည်းငယ်မှာသာ ပြည်သူနဲ့ ရဟန်းအနည်းငယ်က ဆူပူလှုပ်ရှားခဲ့တာဖြစ်ပြီး ကျန်တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းနေတာတွေ၊ ပြည်သူအများစုက ဆူပူမှုကို လုံးဝမလိုလားဘဲ လက်ရှိအခြေအနေအပေါ်မှာ ကျေနပ်အားရ ပျော်ရွှင်နေပုံတွေ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများရဲ့တည်ငြိမ်ဖွံ့ဖြိုးတိုးတက်နေမှု၊ အေးချမ်းစည်ပင်နေမှုတွေကို မျက်ဝါးထင်ထင် မြင်တွေ့ခွင့်ရအောင် ပို့ဆောင်ပြသပေးခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားညီလာခံအောင်မြင်ပြီးစီးခြင်းနဲ့အတူ အဲဒီညီလာခံကြီးက ချမှတ်ခဲ့တဲ့ အခြေခံမူနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ပြည်သူအများစုက ညီညာဖြိုဖြို ကြိုဆိုထောက်ခံနေမှုများကိုလည်း ကြုံကြိုက်တုန်း တစ်ပါတည်း အသိပေးပြသခဲ့ပါတယ်။

ဒါဟာ ဆန့်ကျင်သူ လူနည်းစုက ပြောနေတဲ့အချက်တွေနဲ့ တကယ့်လက်တွေ့အခြေအနေမှန်တွေ၊ ပြည်သူအများစုရဲ့ သဘောထားတွေကို မြင်စေ၊ သိစေ၊ နားလည်သဘောပေါက်စေလိုတဲ့ စေတနာအရင်းခံနဲ့ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဆွေတော်အနေနဲ့ ပကတိအခြေအနေမှန်တွေကို မျက်မြင်ကိုယ်တွေ့လေ့လာသုံးသပ်ပြီး ဖိအားအနှောင်အဖွဲ့ကင်းစွာဖြင့် အမှန်တရားဘက်က မှန်မှန်ကန်ကန် မျှမျှတတ တရားသဖြင့် ရပ်တည်ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ခဲ့ပါတယ်။

ယုံမှတ်ခဲ့

ဒါပေမယ့် တကယ့်လက်တွေ့ရလဒ်ကတော့ ဒီလိုမဟုတ်ခဲ့ပါဘူး။ စင်ကာပူအရောက်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောထားကြေညာချက်ဆိုတာကို အဆွေတော်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ထုတ်ပြန်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ နှစ်ဖက်ယုံကြည်မှု တည်ဆောက်နေချိန်မှာ ချင့်ချိန်ခြင်းမရှိဘဲ အခုလို ဆောင်ရွက်ခဲ့တာကို ဘာမှမပြောလိုပေမယ့် ဒီကိစ္စမှာ အဆွေတော်ပါဝင်ပတ်သက်နေတာကိုတော့ အထူးပင်အံ့သြမိသလို စိတ်မကောင်းလည်း ဖြစ်မိပါတယ်။ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်တစ်ယောက်အနေနဲ့ စေ့စပ် ညှိနှိုင်းဖြေရှင်းပေးသူ Mediator အဖြစ် ကျွန်တော်တို့ဘက်က ယုံယုံကြည်ကြည် လက်ခံဆက်ဆံခဲ့ပေမယ့် အဆွေတော်ဘက်ကတော့ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးသူအလုပ်ကို ကျော်လွန်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့် ပြည်သူအများစုက ဒါဟာ ဘက်လိုက်ဆောင်ရွက်တာပဲလို့ ဝေဖန်ခဲ့ကြပါတယ်။ တချို့ကဆိုရင် အဆွေတော်ဟာ အဲဒီထုတ်ပြန်ချက်စာသားကို ကြိုတင်ရေးယူလာပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ညှိနှိုင်းထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ ယုံမှတ်ခဲ့ကြပါတယ်။

ဆောင်ရွက်ပေးခဲ့

ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား အဆွေတော်ထုတ်ပြန်ပေးခဲ့တဲ့ အဲဒီသဘောထားကြေညာချက်ကြောင့် ကျွန်တော်တို့နိုင်ငံအတွင်းမှာ နှစ်ဖက်ယုံကြည်မှု တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ထိခိုက်စေပြီး မလိုလားအပ်တဲ့ အနှောင့်အယှက်အခက်အခဲတွေ၊ တိုင်းရင်းသားများအကြား စိတ်အနှောင့်အယှက်ဖြစ်စရာ ရှုပ်ထွေးမှုတွေ ပေါ်ပေါက်ခဲ့ရပါတယ်။ အဲဒီကြေညာချက်မှာ ဒေါ်အောင်ဆန်းစုကြည်က "ယခုအချိန်တွင် မိမိသည် အခြားနိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများ၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ ဆန္ဒသဘောထားများနှင့် အကျိုးစီးပွားများကို တတ်နိုင်သမျှ ကျယ်ပြန့်စွာ အစဉ်တစိုက် အလေးအနက်ထား စဉ်းစားပေးရန် တာဝန်ရှိသည်ဟု ခံယူပါသည်"ကို သိမ်းသွင်းပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ **တကယ်တော့ အခြားနိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့အစည်းများဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်အောက်ခံပါတီ၊ အဖွဲ့အစည်းများ မဟုတ်ကြပါဘူး။ ဒါကြောင့် သူတို့အရေး၊ သူတို့လိုလားချက်တွေကို သူတို့ဘာသာ ဆောင်ရွက်မယ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ့်သဘောနဲ့ကိုယ်ထုတ်ပြန်တဲ့ ကြေညာချက်ကို လက်မခံဘူး၊ ဒါကြောင့် ဆန့်ကျင်ရှုတ်ချတယ်ဆိုပြီး တိုင်းရင်းသားပါတီများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက ပြင်းပြင်းထန်ထန် ကန့်ကွက်တုံ့ပြန်ခဲ့ကြပါတယ်။ အဆွေတော် ထုတ်ပြန်ပေးခဲ့တဲ့ကြေညာချက်ဟာ နိုင်ငံတော်ရဲ့ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေခဲ့တဲ့အပြင် ရရှိထားပြီးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်တဲ့အထိ အန္တရာယ်ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းပြီး တည်ငြိမ်မှု၊ စည်းလုံးမှုကို မထိခိုက်စေရအောင် ဆောင်ရွက်ပေးခဲ့ရပါတယ်။**

ဒါ့အပြင် ကုလသမဂ္ဂရဲ့အခန်းကဏ္ဍကိုလည်း ထည့်သွင်းဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ နားလည်မိသလောက်ပြောရရင် အဆွေတော်ကို ကျွန်တော်တို့နိုင်ငံနဲ့စပ်လျဉ်းပြီး အထွေထွေအတွင်းရေးမှူးချုပ်က ၎င်းရဲ့Good Offices ကို ကျင့်သုံးရန် General Assembly Resolution 61/232 ဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့ Good Offices နဲ့ပတ်သက်သော Responsibilities and Mandates များအတိုင်းသာ ဆောင်ရွက်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ Good Offices ဆိုတာ ဘက်မလိုက်သော အကြံပေးသူ Impartial Advisor ကိုသာ ရည်ညွှန်းတယ်၊ Good Offices သည် အငြင်းပွားသူနှစ်ဦးကို အကြံပေးခြင်းသာဖြစ်ပြီး အကြံပေးချက်သည် စည်းနှောင်အားမရှိရဘူးလို့ နားလည်ထားပါတယ်။ Good Offices ကိုသုံး၍ ကြားဝင်ဆောင်ရွက်ပေးသူဟာ ကြိုတင်ပုံသွင်းလိုသော ရည်ရွယ်ချက်များမရှိရန် အရေးကြီးပါတယ်။ ဒါမှသာ တရားမျှတတဲ့အဖြေကို ရရှိနိုင်မှာဖြစ်ပါတယ်။

မျှော်လင့်

ဒါ့အပြင် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံကို မလာရောက်မီ အနောက်အုပ်စုအပါအဝင် နိုင်ငံအချို့ကိုလှည့်လည်ပြီး ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ ကြားသိရပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာတမ်း၁၀၀(၁)အရ အထွေထွေအတွင်းရေးမှူးချုပ်နဲ့ ဝန်ထမ်းများဟာ တာဝန်ထမ်းဆောင်ရာမှာ ကုလသမဂ္ဂပြင်ပရှိ မည်သည့်အစိုးရ (သို့မဟုတ်) မည်သည့်အဖွဲ့အစည်း အာဏာပိုင်များထံမှ ညွှန်ကြားချက်ကို ရှာဖွေခြင်း (Seek) သို့မဟုတ် လက်ခံခြင်း (Receive) မပြုလုပ်ရဘူးလို့ ကျွန်တော်တို့ နားလည်မိပါတယ်။ အဲဒီနိုင်ငံတွေမှာ အဆွေတော်အနေနဲ့ Impartial Advisor ပီသစွာနဲ့ ဖြောင့်မတ်မှန်ကန်မျှတစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာခဲ့လိမ့်မယ်လို့ပဲ ယုံကြည်ပါတယ်။ ဒီလိုမဟုတ်ဘဲ ကျွန်တော်တို့နိုင်ငံအပေါ် အနောက်အုပ်စုဘက်က ပြောကြားချက်များအတိုင်း ပုံစံသွင်းဖို့ကြိုးစားလာမယ်ဆိုရင်တော့ Impartial Advisor ခေါ် ဘက်မလိုက် အကြံပေးခြင်းနဲ့ ညီညွတ်မှုပျက်ပြယ်သွားမှာကို အထူးပဲစိုးရိမ်မိပါတယ်။ ဒါကြောင့် အဆွေတော်အနေနဲ့လည်း အနောက်အုပ်စုရဲ့ သြဇာလွှမ်းမိုးမှုမပါဘဲ ရင်းနှီးပွင့်လင်းခင်မင်စွာ ကိုယ်ပိုင်ရပ်တည်ချက်နဲ့ ဆွေးနွေးဖလှယ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

လမ်းကြောင်းအမှန်

ကျွန်တော်တို့အနေနဲ့ အချိန်များစွာ၊ လုပ်အားနဲ့ အကြံဉာဏ်များစွာ ရင်းနှီးပြီး လုပ်ဆောင်ခဲ့ရတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ရဲ့ အဆင့်(၄)ရောက်တဲ့အချိန်ကျမှ အဆင့်(၁)ကနေ နောက်တစ်ဖန် ပြန်စဖို့ တောင်းဆိုလာခြင်းကို လိုက်လျောသင့်/မသင့် စဉ်းစားကြည့်စေလိုပါတယ်။ သို့သော် နောင်လာမယ့် အဆင့်များမှာ ဥပဒေနဲ့အညီ ပါဝင်ခွင့်ရှိသူ အားလုံး လွတ်လပ်မျှတစွာ ပါဝင်နိုင်မယ့် အခွင့်အရေးကိုလည်း ပေးထားပြီးဖြစ်ပါတယ်။ ယခုကဲ့သို့ အထူးသိမ်မွေ့ နက်နဲတဲ့ အခြေအနေမျိုးမှာ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးမှုဟာ နိုင်ငံနဲ့ပြည်သူအားလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတာ အလွန်ပဲ ထင်ရှားလာပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားအကျိုးစီးပွားကို ထိခိုက်လာနိုင်တဲ့ မည်သည့်ကိစ္စရပ်မျိုးမဆို အထူးသတိထားပြီး ဂရုတစိုက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားရမှာသာ ဖြစ်ပါတယ်။ ဒါကြောင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မထိခိုက်စေဘဲ နှစ်ဖက်အကျိုးရှိစေမယ့် Win-Win Solution နည်းလမ်းအတိုင်း ကျင့်သုံးသွားမှာဖြစ်ပြီး ဤနည်းလမ်းသည်သာ ယခုအချိန်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးအတွက် ရွေးချယ်သင့်တဲ့ လမ်းကြောင်းမှန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

လက်ခံကြိုဆို

ပြန်လည်ချုံ့ပြောကြားရမယ်ဆိုရင် **ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဟာ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် လက်ခံနိုင်အောင် ရည်ရွယ်ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနဲ့ ပြည်သူရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ပြည်သူအများစုလက်ခံနိုင်အောင် ရေးဆွဲထားခြင်းဖြစ်လို့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ကိုပဲ ကျွန်တော်တို့ရယူသွားမှာဖြစ်ပါတယ်။ တစ်စုံတစ်ရာ အနှောင့်အယှက် အဟန့်အတားမရှိဘူးဆိုရင် နှစ်နှစ်ခန့်ကာလအတွင်း ပြည်သူအားလုံးနဲ့ နိုင်ငံတကာက လိုလားမြင်တွေ့လိုတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ်ကိုရောက်ရှိနိုင်မယ်လို့မျှော်လင့်ပါတယ်။ မျှော်လင့်တဲ့အတိုင်းဖြစ်လာအောင်လည်း မလျှော့သော ဇွဲ လုံ့လနဲ့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ မကြာမီကျင်းပမယ့် ဆန္ဒခံယူပွဲနဲ့ ရွေးကောက်ပွဲတွေမှာလည်း ပြည်သူအားလုံးပါဝင်နိုင်အောင် လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ မူဝါဒလမ်းစဉ် (၇)ရပ် လုပ်ငန်းစဉ်များကို နှောင့်နှေးအောင်၊ နောက်ပြန်လည်သွားအောင် ရည်မှန်းကြိုးစားလာတာမျိုးကိုလည်း ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ပါဘူး။ သို့သော် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ရာမှာ ကုလသမဂ္ဂအနေနဲ့အပြုသဘော ပါဝင်ဆောင်ရွက်မှုကို ကျွန်တော်တို့က လိုလိုလားလား လက်ခံကြိုဆိုမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။**

နိဂုံးချုပ်အနေနဲ့ပြောရရင် အဆွေတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ သိမ်မွေ့နက်နဲကျယ်ပြန့်တဲ့ နိုင်ငံရေး၊ လူမျိုးရေး အခြေအနေမှန်များကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ဒီလိုသိရှိနားလည်မှုများကို အခြေခံပြီး မြန်မာနိုင်ငံရဲ့ပကတိအရှိတရားတွေကို ချိန်ထိုးသုံးသပ်ကာ ဘက်လိုက်မှုကင်းတဲ့၊ သင့်တော်လျောက်ပတ်မျှတတဲ့ အကြံဉာဏ်များပေးမယ်၊ ပံ့ပိုးကူညီဆောင်ရွက်မယ်ဆိုရင်တော့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးရဲ့ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ အကျိုးပြုတဲ့ ပါဝင်ဆောင်ရွက်မှုများအဖြစ် အမြဲအသိအမှတ်ပြု ကျေးဇူးတင်နေမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရုံးရဲ့ အကျိုးပြုတဲ့ ပါဝင်ဆောင်ရွက်မှုများကို တစ်ဖက်ကကြိုဆိုလက်ခံရင်း တစ်ဖက်ကလည်း အလေးထားပူးပေါင်းဆောင်ရွက်သွားမည်သာဖြစ်ကြောင်း ပြောကြားအပ်ပါတယ်။

မစ္စတာဂမ်ဘာရီ၏ ပြန်လည်ပြောကြားချက်များ

၎င်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မိမိသည် မြန်မာနိုင်ငံဘက်မှ အစဉ်တစိုက်ရပ်တည်တင်ပြ အကျိုးဆောင်ပေးသူအဖြစ် ယုံကြည်ခံယူထားပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ယခုအတိုင်း ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီး၏ရှင်းလင်းပြောကြားချက်များကို အထွေထွေအတွင်းရေးမှူးချုပ်ထံ ဆက်လက်တင်ပြမှာဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှုအတွက် Time Frame ထုတ်ပြန်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုပါက ပို၍ကောင်းမည်ထင်ပါကြောင်း၊ မြန်မာနိုင်ငံ၏အရေးသည် မြန်မာနိုင်ငံသားအားလုံး၏အရေးဖြစ်သည့်အတွက် မြန်မာနိုင်ငံသားအားလုံးကသာ ဆောင်ရွက်ရမည်ဟုယူဆပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂနှင့် အလေးထားပူးပေါင်းဆောင်ရွက်နေမှုများကို မိမိတို့အသိအမှတ်ပြုပါကြောင်းနှင့် မိမိတို့ဘက်မှလည်း အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။

ထို့နောက် Mr. Ibrahim Agboola Gambari သည် မွန်းလွဲ၁နာရီခွဲတွင် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ကိုယ်စားလှယ်များနှင့်တွေ့ဆုံသည်။

ယင်းနောက် Mr. Ibrahim Agboola Gambari သည် ညနေ၅နာရီတွင် ဆူးလေဘုရားလမ်းရှိ ဘင်္ဂါလီစွန်နီဂျာမေဗလီဝတ်ကျောင်း၌ ဝတ်ပြုဆုတောင်းသည်။

ညပိုင်းတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က Mr. Ibrahim Agboola Gambari အား မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကောလိပ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၇

မော်လမြိုင်ကောလိပ် (၁၉၇၄–၇၈)ဓာတုဗေဒ ကုန်ထုတ်ဓာတုဗေဒနှင့် ရန်ကုန် ဝ/သ Transfer ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ မတ် ၂၂ရက်(စနေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ နယ်စုံရောက်ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများနှင့် အသေးစိတ် သိလိုသူများသည် ဒုတိယဗိုလ်မှူးကြီးဌေးလွင် ဖုန်း–၀၂–၃၉၆၀၉၊ ၀၉–၅၀–၂၀၂၅၈၊ ကိုမောင်မောင်ချို ဖုန်း– ၀၉–၂၀–၃၂၃၅၈ (မန္တလေး)၊ ကိုဉာဏ်အောင် ဖုန်း–၀၁–၅၄၇၂၂၄၊ ကိုစင်းယုံ ဖုန်း–၇၂၈၆၈၃၊ ၀၉–၉၉–၂၃၉၀၇၊ ကိုမြင့်စော ဖုန်း–၀၁–၅၃၅၅၉၂၊ ကိုတင်လေး ဖုန်း–၀၁–၅၄၄၂၆၈၊ ၀၉–၅၁–၉၀၃၀၅၊ မညပွင့် ဖုန်း– ၀၉–၅၁–၇၇၂၆၂၊ ၇၀၁၈၅၄၊ မမြင့်မြင့်ကြည် ဖုန်း–၀၁–၂၄၁၁၁၆၊ ၃၈၇၇၉၇၊ မနုနုသန်း ဖုန်း–၀၁–၂၉၈၆၄၅ (ရန်ကုန်)၊ မနုနုလွင် ဖုန်း–၀၅၂–၂၂၀၁၇၊ ကိုအေးလွင် ဖုန်း–၀၅၂–၂၁၃၃၈ (ပဲခူး)၊ ကိုသိန်းဇံ ဖုန်း–၀၅၂–၄၆၃၅၇(သနပ်ပင်)၊ ကိုအောင်သိန်း ဖုန်း–၀၅၇–၂၅၅၀၈(မော်လမြိုင်)၊ ကိုကျော်ဟိုး ဖုန်း– ၀၅၈–၂၁၂၈၉ (ဘားအံ)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးဝါးဗေဒအဖွဲ့ 9th Refresher course ပြုလုပ်မည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆေးဝါးဗေဒအဖွဲ့က ကြီးမှူးပြုလုပ်မည့် (Update and Rational Use of Antimicrobial agents) ခေါင်းစဉ်ဖြင့် (9th Refresher course) ကို မတ် ၁၅ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဆေးတက္ကသိုလ်(၁) ရန်ကုန်(လမ်းမတော်) စာသင်ဆောင်(၁)နှင့် စာသင်ဆောင်(၂)တို့တွင် ပြုလုပ်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများသည် ဆေးဝါးဗေဒဌာန ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)နှင့် တပ်မတော်ဆေးတက္ကသိုလ် ရန်ကုန်တို့တွင် ကြိုတင်မှတ်ပုံတင်ခြင်းကို မတ် ၁၃ရက်မှစ၍ ပြုလုပ်နိုင်ပြီး Refresher course ပြုလုပ်မည့်ရက် နံနက် ၈နာရီတွင်လည်း ဆေးတက္ကသိုလ်(၁) ရန်ကုန် (လမ်းမတော်) စာသင်ဆောင်(၁)၌ မှတ်ပုံတင်ပြီး တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ပရိဘောဂပြပွဲ – ၂၀၀၈ ရက်တိုးမြှင့်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ တိုင်းရင်းသားလုပ်ငန်းရှင်များ စုပေါင်းပြသသည့် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၈ကို ပဉ္စမမြောက်နေ့အဖြစ် ယနေ့နံနက်၁၀နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိသည်။

စည်ကား

အဆိုပါပြပွဲတွင် အတွင်းပြခန်း၁၅၄ခန်းနှင့် အပြင်ပြခန်း ၁၃ခန်းတို့၌ တိုင်းရင်းသားလုပ်ငန်းရှင်များက ပရိဘောဂများ၊ အထပ်သားများ၊ ကြမ်းခင်းစသည့် သစ်အခြေခံထုတ်ကုန်များ၊ သစ်အချောကိုင်ဆေး၊ ကော်နှင့် ဆက်စပ်ပစ္စည်းများ၊ သစ်လုပ်ငန်းသုံးယာဉ်နှင့် စက်အပိုပစ္စည်းများနှင့် သစ်တောထိန်းသိမ်းမှုဆိုင်ရာ ပညာပေးပြခန်းတို့ကို ဖွင့်လှစ်ပြသလျက်ရှိရာ ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရက်တိုးမြှင့်

ယနေ့ပြပွဲတွင် ပြသလျက်ရှိသော လုပ်ငန်းကုမ္ပဏီအချို့သည် ပြည်ပနိုင်ငံများမှ ကုမ္ပဏီတို့နှင့် ပရိဘောဂဆိုင်ရာ စာချုပ်များကို ဆက်လက်ချုပ်ဆိုကြသည်။

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၈ကို မူလက မတ်၃ရက်မှ ၇ရက်အထိကျင်းပရန် စီစဉ်ခဲ့သော်လည်း မတ် ၈ရက်နှင့် ၉ရက်တို့တွင် နှစ်ရက် ထပ်မံတိုးမြှင့်ဖွင့်လှစ်ပြသထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၈–၃–၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ ရခိုင်ချောင်တံတား
၈:၂၀ ၈။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Grammar made Easy

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ စစ်သူကြီးဆွန်ကြီး(အပိုင်း–၁၂)
၁၃:၁၀ ၆။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ** ခန့်စည်သူ၊ ဖြိုးငွေစိုး၊ မင်းရာဇာ၊ သဇင်၊ ပုလဲဝင်း၊ ဖူးစုံ [ဒါရိုက်တာ–မြင့်စိုး(ဝ/သ ရန်ကုန်)]
၁၃:၃၅ ၇။ မိတ္ထီလာဝါကြိတ်စက်ရုံနှင့် ဂွမ်းမွေးနှင့် ချည်အရည်အသွေး စမ်းသပ်ခြင်း
၁၃:၅၀ ၈။ အတီးပြိုင်ပွဲ
၁၄:၀၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၂၀ ၁၀။ **သတိနဲ့ယှဉ်အသိနဲ့ပြင်(အပိုင်း–၁)** ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်နှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၄:၃၅ ၁၁။ ဇိုက္ကရဲရေထိန်းတံခါး
၁၄:၄၅ ၁၂။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၄ ခုနှစ်)
၁၆:၅၅ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၁၇:၁၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၁၉:၀၀ ၁၁။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၁၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း–၁၉)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၇)

အိုင်စီတီပြပွဲ မော်လမြိုင်၌ ကျင်းပမည်

ရန်ကုန် မတ် ၇

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အိုင်စီတီပြပွဲကို မတ် ၆ရက်မှ ၈ရက်အထိ မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ပြပွဲတွင် ရန်ကုန်နှင့် မော်လမြိုင်မြို့ရှိ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများ၊ ကွန်ပျူတာနည်းပညာသင်တန်းများနှင့် စပ်လျဉ်းသည့် သိကောင်းစရာတို့ကို ခင်းကျင်းပြသမည်ဖြစ်သည်။ ထို့ပြင် မွန်ပြည်နယ် ကွန်ပျူတာ ပညာရှင်အသင်းနှင့် မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းများကိုပါ ဖွဲ့စည်းမည်ဖြစ်ပြီး အများပြည်သူသုံး သတင်းအချက်အလက်ဌာနကို မော်လမြိုင်မြို့၌ ပထမဦးဆုံး စတင်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကိုရှေးရှုသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖေဖော်ဝါရီလ ၉ရက်နေ့က ကြေညာချက် အမှတ် ၁/၂၀၀၈ နှင့် ကြေညာချက် အမှတ် ၂/၂၀၀၈တို့ကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းကြေညာချက်နှစ်ရပ်အနက် ကြေညာချက်အမှတ် ၁/၂၀၀၈က အသစ်ရေးဆွဲပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ခုနှစ် မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုရေးနှင့် ကြေညာချက်အမှတ် ၂/၂၀၀၈ က ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ် ပြီးနောက် အထွေထွေရွေးကောက်ပွဲကျင်းပပြီး အာဏာလွှဲပြောင်းပေးမည်ကို ကြေညာလိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဤကြေညာချက်များ၏ ဦးတည်ချက်မှာ ပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသော ငြိမ်းချမ်းစွာအသွင်ကူးပြောင်းပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာမည့် ခိုင်မာသောခြေလှမ်းတစ်ရပ်ပင် ဖြစ်၏။

တစ်နည်းဆိုရသော် ပြည်သူ့ဆန္ဒကို တပ်မတော်အစိုးရက အကောင်အထည် ဖော်ဆောင်ရေးကိုရှေးရှုသော ကြေညာချက်များပင် ဖြစ်ပါ၏။

ဤသို့ဖြစ်ရေးအတွက် ပြည်သူတို့၏တာဝန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးကြရန် ဖြစ်၏။

ထို့ကြောင့် ပြည်သူတို့အတွက် အဓိကတာဝန်သည်ကား ဆန္ဒခံယူပွဲ ကျင်းပပေးသောအခါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ဖြစ်ရေးအတွက် ဆန္ဒမဲပေးကြရန် ဖြစ်လေသည်။

ပြည်သူတို့က ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ရေးကို ထက်ထက်သန်သန် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသော်လည်း ကြေညာချက် အမှတ် ၁/၂၀၀၈ နှင့် ၂/၂၀၀၈ ထွက်ပေါ်လာခဲ့ပြီးနောက် ပြည်တွင်းမှ ပြည်ပအားကိုး ပုဆိန်ရိုး အမျိုးသားသစ္စာဖောက်များ၊ နယ်ချဲ့လက်ဝေခံ နိုင်ငံရေးပါတီကြီး၊ တရားမဝင် ဖွဲ့စည်းလှုပ်ရှားနေကြသော နိုင်ငံရေးအစုအဖွဲ့ကလေးများနှင့် ယင်းအုပ်စုများအား ဝန်းရံနေသော နိုင်ငံရေးသမားအိုကြီးများထံမှ "ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ"အား ဆန့်ကျင်သည့် ပြောဆိုချက်များ၊ ကြေညာချက်များ၊ ပေးစာများသည် ငြသံပေး၍ ဆူဆူညံညံ တစ်ခဲနက် ပေါ်ထွက်လာခဲ့လေသည်။

အဆိုပါ တစ်ယူသန် အဖျက်သမားတို့၏ တစ်ခုတည်းသော အကြောင်းပြချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းတွင်ပါရှိသည့် နိုင်ငံတော်အကြီးအကဲ(သမ္မတ)နှင့် လွှတ်တော်အရပ်ရပ်၏ ကိုယ်စားလှယ်များအတွက် အရည်အချင်းသတ်မှတ်ထားရှိချက်ကို ပယ်ဖျက်ပေးရန်ဖြစ်၏။

အထူးသဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်သာ ကွက်ကွက်ကလေးကြည့်ပြီး ဆန့်ကျင်ကန့်ကွက်နေကြခြင်းဖြစ်သည်ကို တွေ့မြင်ရသည်။

ပြည်တွင်းမှ အထက်ပါ အုပ်စု၏ လှုပ်ရှားမှုနည်းတူ ပြည်ပ နယ်ချဲ့ နိုင်ငံကြီးများကလည်း သူတို့ ကြိုးဆွဲရာကမည့်သူ အရွေးခံနိုင်တော့မည်မဟုတ်၍ ဒေါသူပုန်ထကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပျက်သုဉ်းရေးအတွက် ဓားငေးပေးတိုက်ခိုက်လျက် ရှိနေလေသည်။

ဤသည်မှာ နိုင်ငံတော်အား နယ်ချဲ့နိုင်ငံကြီးများက ဩဇာလွှမ်းမိုးရန် ကြိုးပမ်းနေမှုကို ပြောင်ပြောင်တင်းတင်း မကွယ်မဝှက် ပြသလိုက်ခြင်းပင် ဖြစ်ပါ၏။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရွေးချယ်ခံ ပုဂ္ဂိုလ်များ၏ အရည်အချင်း စည်းကမ်းပြဋ္ဌာန်းချက်မှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါ။

ရဲဘော်တင်ရွှေ

နိုင်ငံတော်အား ကျွန်ဘဝပြန်လည်မရောက်ရေး၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ မပေါ်ပေါက်နိုင်ရေး၊ နယ်ချဲ့နိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု လုံးဝကင်းစင်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် အမြော်အမြင်ကြီးစွာ ထည့်သွင်းထားသော ပြဋ္ဌာန်းချက်သာလျှင် ဖြစ်ပါသည်။

ထိုပြဋ္ဌာန်းချက်သည် နိုင်ငံတော်သစ်အတွက် အထူးခြားဆုံး၊ အလေးနက်ဆုံး၊နိုင်ငံတော်၏ လုံးဝလွတ်လပ်ရေးအတွက် အာမခံချက်အခိုင်မာဆုံးသောပြဋ္ဌာန်းချက်ဖြစ်သည်ကိုသိရှိကြ၍ ပြည်သူအများက ထောက်ခံကြောင်း ဆန္ဒဖော်ထုတ်ပြသခဲ့ပြီးလည်း ဖြစ်ပါသည်။

ဤပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပေးရန် တောင်းဆိုခြင်းသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နှလုံးသည်းပွတ်ကို ထုတ်ပယ်ပစ်ရန် တောင်းဆိုခြင်းပင် ဖြစ်ပါသည်။

ထိုသို့အဖျက်သမား ပြည်ပအားကိုး ပုဆိန်ရိုးများ၏အရွေးချယ်ခံပိုင်ခွင့် အရည်အချင်းသတ်မှတ်ချက်ကို ပယ်ဖျက်ပေးရန်ကြိုးပမ်းနေခြင်းမှာ-

(၁) မျိုးချစ်စိတ်ဓာတ်ကင်းမဲ့ကြောင်း ပြသခြင်း၊ (၂)ပြည်ပအားကိုးသည့် စိတ်ဓာတ်ကိုပြသခြင်း၊ (၃)နယ်ချဲ့လက်ဝေခံ ဘဝကို လိုလားရာပြသခြင်း၊ (၄) နယ်ချဲ့ဩဇာခံ ရုပ်သေးအစိုးရအဖြစ် ထူထောင်လိုခြင်းနှင့် (၅) အမေကျော် ဒွေးတော်လွမ်းခြင်း စသည်တို့ပင် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံးသည် တော်လှန်ရေး သတိဖြင့် အဆိုပါ အဖျက်သမားများ၏ ဖြားယောင်းမှုကို တွန်းလှန်ဆန့်ကျင် တိုက်ခိုက်ကြရမည်သာ ဖြစ်သည်။

အနောက်အုပ်စု နယ်ချဲ့နိုင်ငံကြီးများမှအပ သမာသမတ် ရှိပြီး အမြင် ကြည်လင်သော ကမ္ဘာ့နိုင်ငံအများအပြားက နိုင်ငံတော်၏ ကြေညာချက်တို့အပေါ် အပြုသဘော အကောင်းမြင်ဝါဒဖြင့် ကြိုဆိုနေကြသည်။

ဤသို့အကောင်းမြင်ဝါဒဖြင့် အပြုသဘောဆောင်ပြီး ကြိုဆိုကြသော နိုင်ငံများအား ပြည်သူတို့က ကျေးဇူးတင်ကြရမည်သာ ဖြစ်၏။

နိုင်ငံတော်အား တပ်မတော်က ရိုးသားပွင့်လင်းစွာ စေတနာမှန်ဖြင့် အရပ်သားအစိုးရထံသို့ အာဏာလွှဲပြောင်းပေးရေးကို ပြည်သူတစ်ရပ်လုံးက အသိအမှတ်ပြု ကြိုဆိုလျက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် တညီတညွတ်တည်း တစ်စိတ်တစ်ဝမ်းတည်း ထောက်ခံကြလိမ့်မည်ဟု ယုံကြည်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အေးချမ်းစွာ အသွင်ကူးပြောင်းရေးကို လိုလားသော ပြည်သူတို့၏ ဆန္ဒနှင့်တစ်ထပ်တည်း ဖြစ်နေခြင်းကြောင့်ဖြစ်၏။

အချုပ်ကို ဆိုရလျှင် မေလတွင် ကျင်းပမည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပသောအခါ၌-

(၁) လုံးဝလွတ်လပ်ရေးကို လိုလားသူတိုင်း၊
(၂) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊
(၃) နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံ အဖြစ်ကို မလိုလားသူတိုင်း၊
(၄) မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း၊
(၅) နိုင်ငံတော်တွင် နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်မှုကို မလိုလားသူတိုင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်ရေးအတွက် တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးကြရန် ရေးသားတိုက်တွန်းလိုက်ရပါ၏။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း မုချအတည်ဖြစ်ရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ဖြစ်ရေးအတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီး အေးချမ်းသာယာစွာ မုချအောင်မြင်ရမည်။ ။

နိုင်ငံတော်အား တပ်မတော်က ရိုးသားပွင့်လင်းစွာ စေတနာမှန်ဖြင့် အရပ်သားအစိုးရထံသို့ အာဏာလွှဲပြောင်းပေးရေးကို ပြည်သူတစ်ရပ်လုံးက အသိအမှတ်ပြုကြိုဆိုလျက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် တညီတညွတ်တည်း တစ်စိတ်တစ်ဝမ်းတည်း ထောက်ခံကြလိမ့်မည်ဟု ယုံကြည်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အေးချမ်းစွာ အသွင်ကူးပြောင်းရေးကို လိုလားသော ပြည်သူတို့၏ ဆန္ဒနှင့်တစ်ထပ်တည်း ဖြစ်နေခြင်းကြောင့်ဖြစ်၏။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရွေးချယ်ခံ ပုဂ္ဂိုလ်များ၏ အရည်အချင်း စည်းကမ်းပြဋ္ဌာန်းချက်မှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါ။

နိုင်ငံတော်အား ကျွန်ဘဝပြန်လည်မရောက်ရေး၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ မပေါ်ပေါက်နိုင်ရေး၊ နယ်ချဲ့နိုင်ငံများ၏ ဩဇာလွှမ်းမိုးမှု လုံးဝကင်းစင်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် အမြော်အမြင်ကြီးစွာ ထည့်သွင်းထားသော ပြဋ္ဌာန်းချက်သာလျှင် ဖြစ်ပါသည်။

8-3-08 (10).pmd 1 3/8/2008, 1:20 AM

သူတို့ ဤသို့ မှတ်ဟာပြောကြားကြသည်

တွေ့ဆုံမေးမြန်း - မောင်မောင်မြင့်ဆွေ နှင့် ချစ်စိုးနိုင် ဓာတ်ပုံ - တင်စိုးနှင့်သိန်းဝင်းလေး (မြန်မာ့အလင်း) စာမျက်နှာပွဲ့စည်းမှု - ကြည်ဝင်း

စာကောင်းပေမွန်ထွက်ရှိရေး ဝိုင်းဝန်းကြိုးပမ်း

"ပရိသတ်အကြိုက် လိုက်ရေးတာတွေ များနေတယ်"
စာရေးဆရာကြီး ပါရဂူ

ရန်ကုန် မတ် ၇

မြန်မာ့ စာပေလောကမှာ တစိုက်မတ်မတ် စာပေကို လေ့လာလိုက်စားပြီး ဘဝတစ်လျှောက်လုံး အဖိုးတန် စာပေတွေကို ရေးသားခဲ့၊ ရေးသားနေဆဲဖြစ်တဲ့ စာရေးဆရာကြီး ပါရဂူရဲ့ မြန်မာစာပေလောကအပေါ် သူ့အမြင် သူ့အတွေးကို ဆရာကြီး နေထိုင်ရာ ရွှေပေါက်ကံမြို့သစ် နေအိမ်သို့ သွားရောက်မေးမြန်းခဲ့ပါတယ်။

"အခုခေတ်က ကျွန်တော်တို့ ငယ်စဉ်တုန်းကလို မဟုတ်တော့ဘူး၊ ကျွန်တော်တို့ စာပေရေးတဲ့အရွယ်မှာ မြန်မာ့စာပေလောကမှာ စာအုပ်တွေလည်း အထွက်နည်းတယ်။ ရေးသူလည်းနည်းတယ်။ အဲဒီလိုပဲ ဂျာနယ်နဲ့ မဂ္ဂဇင်းတွေလည်း ထွက်တာအတော်လေး နည်းပါတယ်။ ဒါပေမယ့် အဲဒီတုန်းက ရေးသားခဲ့ကြတဲ့ စာရေးဆရာကြီးတွေရဲ့ စာအုပ်တွေဟာ စာပေအရည်အသွေး မြင့်ကြတယ်၊ သူတို့စာအုပ်တွေဟာ သေသေချာချာလေ့လာပြုစုရေးသားကြတာမို့ စာအုပ်တစ်အုပ်ထွက်တိုင်း စာဖတ် ပရိသတ်တွေအတွက် ပေးစရာတွေအများကြီး ပါဝင်နေတတ်တယ်။

လိုအပ်

ဒီခေတ်မှာတော့ စာပေလောကမှာ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်တွေ အများကြီး ထွက်လာတော့ စာရေးတဲ့သူတွေ အလွန်များလာတယ်။ စာရေးဆရာတွေအတွက် ရေးကွက်၊ ရေးကွင်းတွေ အများကြီး ပေါ်များလာတာမို့ ဒီအချက်ကတော့ ဝမ်းသာစရာပါ။ ဒါပေမယ့် စာရေးတဲ့သူ အတော်များများဟာ ပရိသတ်အကြိုက်တွေချည်း လိုက်ရေးနေကြတယ်။ ကိုယ်ရေးလိုက်တဲ့စာဟာ ပြည်သူတွေအတွက် ဘယ်လောက် အတိုင်းအတာအထိ အကျိုးပြုနိုင်သလဲ၊ ဘယ်လောက်အထိ ပေးဆပ်နိုင်သလဲဆိုတာ မတွေးကြဘူး၊ ဒါကြောင့် စာပေရေးသားသူ အနေနဲ့ စာပေတန်ဖိုး မြင့်မားပြီး အကျိုးရှိတဲ့စာတွေ များများရေးကြဖို့တော့ လိုအပ်နေပါတယ်။

ထုတ်လုပ်

အဲဒီလို စာပေတန်ဖိုးနည်းပါးပြီး ပရိသတ်အကြိုက် ထုတ်ဝေနေတဲ့ မဂ္ဂဇင်း၊ ဂျာနယ်တွေ များနေတာမို့ အမှန်အတိုင်း သုံးသပ် ဝေဖန်ရရင် စာပေအဆင့်အတန်း သိသိသာသာ မတိုးတက်လာဘူးလို့ ပြောလို့ရပါတယ်။ အများအားဖြင့် မိန်းကလေး လှလှပုံတွေကို အနေအထား အမျိုးမျိုးနဲ့ ဖော်ပြထုတ်ဝေနေတဲ့ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေဟာ အကျိုးအမြတ် တစ်ခုတည်းအပေါ်မှာပဲ အာရုံပြုပြီး မပြတ်တမ်း ထုတ်လုပ်နေတာဟာ မြန်မာ့စာပေ အဆင့်အတန်းမြင့်တယ်လို့ ပြောလို့မရပါဘူး။

ဒီနေ့ခေတ်မှာ စာဖတ်ပရိသတ် များပြားလာတာဟာ ဝမ်းသာစရာပါပဲ။ ဒါကလဲ ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာအနှံ့ စာကြည့်တိုက်တွေ လိုက်ဖွင့်နိုင်ခဲ့တဲ့အချက်လည်း ပါဝင်နေပါတယ်။ အထူးသဖြင့် လူငယ်တွေ စာဖတ်အား ကောင်းကြပြီး စာကောင်းပေမွန်တွေကို ဖတ်ရှုလေ့လာလိုတဲ့သူတွေ များပြားလာပါတယ်။ အဲဒီလူငယ်တွေကို စာပေတန်ဖိုးမြင့်မားတဲ့ စာကောင်းပေမွန်တွေ ဖတ်ရှုစေချင်ပါတယ်။ စာကောင်းပေမွန်တွေနည်းပါးနေတာကတော့ ဝမ်းနည်းစရာကောင်းနေပါတယ်။

ထွက်ရှိ

ခေတ်ဆိုတာ တဖြည်းဖြည်း ပြောင်းလဲတိုးတက်လာနေသလို လူငယ်တွေရဲ့ အသိနဲ့စာပေအမြင်ဟာလည်း မြင့်မားလာကြတာ တွေ့ရပါတယ်။ ဒါကြောင့် စာကောင်းပေမွန်တွေ အခုထက်ပိုမို ထွက်ရှိဖို့တော့ လိုအပ်နေပါတယ်။

ထုတ်ဝေ

ပရိသတ်တွေအကြိုက် အပျော်ဖတ်စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေ ထုတ်ဝေတာထက် စာပေတန်ဖိုးမြင့်မားတာတွေလည်း ထုတ်လုပ်နိုင်ကြဖို့တော့ လိုအပ်ပါတယ်။ လူငယ်တွေ အသိဉာဏ်မြင့်လာတာနဲ့အမျှ စာပေစံနှုန်းမြင့်တဲ့စာတွေ ထုတ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် စာအုပ်ထုတ်ဝေသူတွေအနေနဲ့ အကျိုးအမြတ်ထက် တကယ့်စာပေစိတ်ဓာတ်ကို အခြေခံပြီး ထုတ်ကြရင်တော့ ပိုကောင်းပါတယ်။

ဒါပေမယ့် လက်တွေ့မှာ စာပေအဆင့်မြင့်တဲ့ စာအုပ်တွေ ထုတ်ဖို့ ထုတ်ဝေသူတွေအပိုင်းက လက်ရှောင်နေကြတယ်။ ဒါကြောင့်လည်း ပြည်သူ့အကျိုးပြုစာပေတွေ နည်းလာရတာပေါ့။ တစ်ဖက်က ပြန်ကြည့်ရင်လည်း စာကောင်းပေမွန်တွေ ရေးကြတဲ့ စာရေးဆရာကြီးတွေ မရှိကြတော့တာလည်း ပါဝင်တယ်။

ဝိုင်းဝန်းကြိုးစား

ဒီနေ့အခြေအနေမှာ အရင်ကထက် စာဖတ်ပရိသတ်တွေ ပိုများလာသလို ပရိသတ်အကြိုက် လိုက်ရေးတဲ့ အရောင်းရဆုံး စာရေးဆရာတွေပေါ်လာတယ်။ တကယ်တော့ အရောင်းရဆုံး စာရေးဆရာဆိုတာ အရှည်မတည်တံ့နိုင်တဲ့ အရာပါ။ တကယ်တမ်းက စာကောင်းပေမွန်တွေသာ အရှည်တည်တံ့ ရပ်တည်နိုင်တာမို့ ဒီလို စာပေမျိုးတွေ များများ ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ပြောကြား

ဒီစာမျိုးတွေဖတ်ချင်တဲ့ စာဖတ်ပရိသတ်များလာခဲ့ရင် သူတို့အကြိုက် စာပေတွေထုတ်ကြရင်းနဲ့ မြန်မာ့စာပေလောကဟာ အဆင့်အတန်းမြင့်တက်ပြီး နိုင်ငံတကာစာပေနဲ့ယှဉ်နိုင်တဲ့အထိ ဖြစ်လာပါလိမ့်မယ်"လို့ စာရေးဆရာကြီး ပါရဂူက သုံးသပ်ပြောကြားသွားခဲ့ပါတယ်။ ။

ပြည်သူတို့၏ ဘဝအမောများကိုပြေစေပြီး ဗဟုသုတရှာမှီးနိုင်သည့်

ကာတွန်းကဏ္ဍအကြောင်း တစေ့တစောင်း

ရန်ကုန် မတ် ၇

အနုပညာလောကတွင် တစ်ခုအပါအဝင်ဖြစ်သော ကာတွန်းရေးဆွဲခြင်း အတတ်ပညာသည် ပြည်သူများအား အသိပညာ၊ ဗဟုသုတ၊ ရသမျိုးစုံပေးနိုင်သော ပညာဖြစ်သည်။ ယနေ့ခေတ်တွင် စာကြီးပေကြီးများဖြင့် ပြည်သူများအား အသိပညာ၊ ဗဟုသုတပေးနေကြသည်များလည်းရှိသည်။ သို့သော်လည်း ယင်းစာကြီးပေကြီးများကို အချိန်ယူဖတ်ရန် အခွင့်အရေး မရသူများ၊ ငွေကြေးအင်အားကို ငဲ့ရသူများအဖို့ ကာတွန်းရုပ်ပုံဖြင့် သရုပ်ဖော်ပြီး စာသားအသင့်အတင့်ဖြင့် ပုံဖော်ထားသော ကာတွန်းများကိုသာဖတ်ပြီး ဘဝအမောများကို ဖြေဖျောက်ရင်း ဗဟုသုတရှာမှီးနိုင်ကြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ထိုသို့ပြည်သူများအား ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် ဗဟုသုတ၊ ပညာဖြန့်ဝေပေးနေသော ကာတွန်းဆရာ ဦးမြေဇာအား တွေ့ဆုံပြီး မေးမြန်းခဲ့သမျှကို စာဖတ်သူများ မျှဝေခံစားနိုင်ရန် ဖော်ပြလိုက်ပါသည်။

မေး။ ။ "ဆရာ့ နာမည်အရင်းကို သိချင်ပါတယ်"

ဖြေ။ ။ "ဦးမောင်ဝင်းပါ"

မေး။ ။ "ကာတွန်းကိုဘယ်တုန်းက စရေးဆွဲခဲ့ပါသလဲ"

ဖြေ။ ။ "၁၉၆၈ ခုနှစ်ကပါ"

မေး။ ။ "ဘယ်မှာစရေးခဲ့ပါသလဲ"

ဖြေ။ ။ "ကြေးမုံသတင်းစာမှာပါ"

မေး။ ။ "ကာတွန်းရေးဆွဲတဲ့အလုပ်တစ်မျိုးကိုပဲလုပ်ပါသလား" ဒါ့အပြင် တခြားအလုပ်တစ်ခုခုကို တွဲလုပ်ပါသလား"

ဖြေ။ ။ "ကာတွန်းရေးတဲ့ အလုပ်တစ်ခုတည်းနဲ့ပဲ ရပ်တည်ခဲ့ပါတယ်။ အခြားဘာအလုပ်မှ တွဲဖက်မလုပ်ကိုင်ခဲ့ပါဘူး။ ဒါပေမယ့် အခုနောက်ပိုင်းခေတ်မှာတော့ အခြေအနေအရ မဂ္ဂဇင်းတွေမှာ ရေးဆွဲဖြစ်ပါတယ်"

မေး။ ။ "ဒီလိုကိုယ်ဝါသနာပါတဲ့ အလုပ်တစ်ခုတည်းကိုပဲ လုပ်တော့ အခက်အခဲတွေများ ရှိမလား"

ဖြေ။ ။ "ရှိတာပေါ့၊ တော်တော်လေး ရုန်းကန်ရပါတယ်။ ငွေကြေးအားဖြင့် အသင့်အတင့်သာရပေမယ့်လဲ ကိုယ်ချစ်မြတ်နိုးပြီး ဝါသနာပါတဲ့ အလုပ်ကို တစိုက်မတ်မတ် လုပ်ခဲ့ရလို့ ပီတိဖြစ်ခဲ့ရပါတယ်။ ကာတွန်းပညာ တစ်ခုတည်းနဲ့ ရပ်တည်ဖို့ တော်ရုံတန်ရုံ ဖွဲ့သတ္တိနဲ့ မရပါဘူး၊ ကာတွန်းတစ်ခုတည်းနဲ့ ရပ်တည်နိုင်တဲ့ ကာတွန်းပညာရှင်ဆိုလို့ လက်ချိုးရေတွက်လို့ ရပါတယ်။ အများစုကတော့ကာတွန်းကို ဝါသနာပါပေမယ့် အခြေအနေအရ အလုပ်လုပ်ရင်း တစ်ဖက်က ကာတွန်းဆွဲကြရပါတယ်"

မေး။ ။ "ဆရာ့အနေနဲ့ ဘယ်အရွယ်လောက်ကစပြီး ကာတွန်းဆွဲခဲ့ပါသလဲ"

ဖြေ။ ။ "အသက် ၂၀ ကျော်မှာ ကာတွန်းစဆွဲ နေပါပြီ"

မေး။ ။ "ကာတွန်းပညာကို ဝါသနာပါတဲ့ ဆရာ့ကို ဒီကာတွန်း လောကထဲမှာ ဆရာမြေဇာရယ်လို့ဖြစ်လာအောင် ဘယ်သူတွေက တွန်းအားပေးခဲ့ပါသလဲ"

ဖြေ။ ။ "ကာတွန်းဆရာ ဦးစိန်၊ ဦးအောင်ရှိန်နဲ့ ဦးဖေသိန်းတို့ကို အားကျတဲ့စိတ်က ကျွန်တော့် ဝါသနာကို တွန်းအားပေးမြေတောင်မြှောက်ပေးခဲ့တာပါ။ ဒါ့အပြင် ကာတွန်းဆရာကြီး ဦးဟိန်စွန်းကလဲ ကျွန်တော့်ကို အထောက်အကူအများကြီး ပေးခဲ့ပါတယ်။ ပြည်တွင်းကာတွန်းရေးဆွဲကြပုံနဲ့ ပြည်ပကာတွန်းရေးဆွဲကြပုံတွေကို လေ့လာနိုင်အောင် ဆောင်ရွက်ပေးလို့ အမြင်ပိုကျယ်လာသလို အရည်အသွေးလဲ ပိုတောက်ပြောင်လာပါတယ်။ ဆရာကြီး ဦးဟိန်စွန်းဟာ လူကြီး၊ လူလတ်ပိုင်း ကာတွန်းဆရာတွေကိုသာမကဘဲ တက်သစ်စလူငယ်တွေကိုလဲ အကူအညီပေးပါတယ်။ ဆရာကြီးဦးဟိန်စွန်းဟာ လူတိုင်းကို အကူအညီပေးလေ့ရှိတဲ့ ဆရာသမားကောင်း တစ်ဦးပါပဲ"

"မျိုးဆက်သစ်လူငယ်တွေအနေနဲ့ကတော့ တော်ရုံတန်ရုံနဲ့ စိတ်မပျက်ကြဘဲ ဖွဲနပဲနဲ့ ကိုယ်ဝါသနာပါရာကို ဖိဖိစီးစီးကြိုးစားရေးဆွဲကြပါ၊ ဆက်ကြိုးစားကြပါလို့ အားပေးမှာကြားလိုပါတယ်"
ကာတွန်းဆရာ မြေဇာ

မေး။ ။ "ကာတွန်းရေးဆွဲနည်းအကြောင်းကို သိပါရစေ"

ဖြေ။ ။ "ကာတွန်းရေးဆွဲနည်းကတော့ ပုံသေရေးဟန် တစ်မျိုးပဲရှိပါတယ်။ ရေးဆွဲတဲ့လက်ရာဟန်မှာသာ တစ်ဦးနဲ့တစ်ဦး ကွဲပြားသွားကြတာပါ"

မေး။ ။ "ဆရာတို့ ကာတွန်းဆွဲခဲ့တဲ့ ရှေ့ပိုင်းခေတ်နဲ့ အခုခေတ်ဉာဏ်ပူဇော်ခ ရရှိမှုလေးတွေကို သိပါရစေ"

ဖြေ။ ။ "ဟိုတုန်းကတော့ သတင်းစာမှာတစ်ကွက်တစ်ပုံ ၁၀၊ ၁၅ ကျပ် စသဖြင့် ရပါတယ်။ မဂ္ဂဇင်းတွေကတော့ တစ်မျက်နှာကို ကျပ်၃၀၊ ကျပ် ၄၀ စသဖြင့်ရပါတယ်။ နောက်ပိုင်း တစ်မျက်နှာ ကျပ် ၅၀ တိုးတောင်းပါတယ်။ အဲဒီကမှတစ်ဆင့် ၇၅ ကျပ်၊ ကျပ် ၁၀၀၊ ကျပ် ၂၀၀အထိ ဖြစ်လာပါတယ်။ နောက်ပိုင်းခေတ်မှာ တစ်မျက်နှာ ကျပ် ၃၀၀၀ ကနေ ကျပ်၅၀၀၀ အထိရပါတယ်။ အခုနောက်ပိုင်းမှာတော့ လွန်ခဲ့တဲ့ ခြောက်လလောက်ကစပြီး တစ်မျက်နှာကျပ် ၁၀၀၀၀ အထိ တိုးတောင်းခဲ့ကြပါတယ်။ ပေးနိုင်တဲ့မဂ္ဂဇင်းတွေ ရှိသလို တချို့လဲမပေးနိုင်ကြပါဘူး။ ကျွန်တော်တို့တစ်တွေကလဲ ဝါသနာအရင်းခံတဲ့သူတွေမို့ ငွေရေးကြေးရေးကို ရှေ့တန်းမတင်ကြပါဘူး။ ဒါပေမယ့် တွက်ခြေမကိုက်လို့၊ မဖြစ်သာလို့သာ ကာတွန်းရေးဆွဲခတွေကို တိုးတောင်းကြရတာပါ။ ဝါသနာပါသူတွေမို့လို့ ငွေရေးကြေးရေးထက် ကိုယ့်လက်ရာကလေးတွေ ပုံနှိပ်ဖော်ပြခံရရင် ဝမ်းသာနေကြတာပါ"

မေး။ ။ ကာတွန်းလောကနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့အမြင်ကို သိပါရစေ"

ဖြေ။ ။ "ဟိုခေတ်တုန်းက ကာတွန်းရေးဆွဲတဲ့သူဟာ ရန်ကုန်မှာ လူ ၁၀၀ လောက်ရှိပြီး မန္တလေးမှာ လေး၊ ငါးယောက်လောက်ပဲရှိပါတယ်။ အခုခေတ်မှာတော့ ရန်ကုန်မှာ လူ ၂၀၀ လောက်ရှိပြီး မန္တလေးမှာ လူ ၅၀ လောက်ပဲရှိပါတယ်။ ဒါပေမယ့် မန္တလေးမှာ တကယ်တမ်း ကာတွန်းတစ်ခုတည်းကိုပဲ တစိုက်မတ်မတ် ရပ်တည်တဲ့လူဟာ ၁၀ ဦးလောက်ပဲရှိပါတယ်။ ကာတွန်းပညာ ထွန်းကားတိုးတက်ဖို့ လိုနေပါသေးတယ်။ ကာတွန်းလောကမှာ မျိုးဆက်သစ်လူငယ်တွေ ပေါ်ထွန်းလာမှု နည်းနေပါသေးတယ်။ အားမရသေးပေမယ့်လည်း လူငယ်တွေ အတတ်နိုင်ဆုံးဖြစ်အောင် ကြိုးစားကြတာကို တွေ့ရပါတယ်။ ပေါ်ထွက်လာသမျှ လူငယ်တွေဟာ ကြိုးစားကြပါတယ်။ တချို့လူငယ်တွေကတော့ ကွန်ပျူတာပန်းချီဘက်ကို ရောက်သွားကြပါတယ်။ အဲဒီထဲက တချို့လူငယ်တွေရဲ့ ကြိုးစားမှုကြောင့် ကာတွန်းရုပ်ရှင်တွေ ပေါ်ထွက်လာပါပြီ။ **ပြီးတော့စာပေလောကမှာ သက်ဆိုင်ရာ ဆုအသီးသီးချီးမြှင့်သလို ကာတွန်းလောကမှာ ချီးမြှင့်ပေးတာမရှိသေးပါဘူး။ တကယ်လို့သာ အဲဒီလို ကာတွန်းထူးချွန်ဆုဆိုပြီး ချီးမြှင့်ပေးနိုင်မယ်ဆိုရင်တော့ ကာတွန်းရေးဆွဲသူတွေရဲ့ အရည်အသွေး တောက်ပြောင်လာမှာဖြစ်သလို မျိုးဆက်သစ်ကာတွန်းဆွဲတဲ့သူတွေ ကိုယ့်ပညာကိုတန်ဖိုးထားတတ်ပြီး လက်ရည်တက်လာတဲ့အပြင် ရေးဆွဲတဲ့ဦးရေလည်း တိုးလာမှာဖြစ်ပါတယ်"**

မေး။ ။ "မျိုးဆက်သစ်လူငယ်တွေကို ဆရာ့အနေနဲ့ ဘာမှာချင်ပါသလဲ"

ဖြေ။ ။ "မျိုးဆက်သစ်လူငယ်တွေအနေနဲ့ကတော့ တော်ရုံတန်ရုံ စိတ်မပျက်ကြဘဲ ဖွဲနပဲနဲ့ ကိုယ်ဝါသနာပါရာကို ဖိဖိစီးစီးကြိုးစားရေးဆွဲကြပါ၊ ဆက်ကြိုးစားကြပါလို့ အားပေးမှာကြားလိုပါတယ်"။ ။

(မြန်မာ့အလင်း)

ကာတွန်းမြေဇာ၏ လက်ရာတစ်ခုကို ဤသို့တွေ့ရသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) (ဆဋ္ဌမအကြိမ်) တိုင်းသံဃနာယကအဖွဲ့

ပထမနှစ်ပတ်လည်စုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၇

ပဲခူးတိုင်း (အနောက်ပိုင်း) (ဆဋ္ဌမအကြိမ်) တိုင်းသံဃနာယကအဖွဲ့ ပထမနှစ်ပတ်လည် စုံညီအစည်းအဝေးကို မတ် ၅ရက် နံနက် ၉နာရီက ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်အတွင်းရှိ စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရဓဇက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ တိုင်းသံဃနာယကအဖွဲ့၏ ဩဝါဒါစရိယ ဘီးလင်းရွာ ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပဒုမကလည်းကောင်း၊ သဘာပတိဆရာတော် ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လ **(အပေါ်ပုံ)**က လည်းကောင်း ဩဝါဒကထာ မြွက်ကြားတော်မူကြသည်။ ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တ တေဇိန္ဒက ဝိနိစ္ဆယရေးရာကဏ္ဍကို လည်းကောင်း၊ အဖွဲ့ဝင် ဘဒ္ဒန္တ ကုမာရ၊ ဘဒ္ဒန္တ ကဝိဓဇနှင့် ဘဒ္ဒန္တ စန္ဒိမာတို့က သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပညာရေးကဏ္ဍကို တိုင်းသံဃ နာယကအဖွဲ့ဝင် ဘဒ္ဒန္တ သီဟကလည်းကောင်း ဖတ်ကြားလျှောက်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အော်ဘစ် မျက်စိကုလေယာဉ် မျက်စိခွဲစိတ်ကုသမှု ကြည့်ရှုအားပေး

ရန်ကုန် မတ် ၇

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် မတ် ၄ရက် နံနက်ပိုင်းက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ အော်ဘစ် (Orbis) မျက်စိဆေးရုံ လေယာဉ် ပေါ်၌ အော်ဘစ် (Orbis) မျက်စိကုသရေးအဖွဲ့မှ Medical Director Dr. David Hunter Cherwek နှင့်အဖွဲ့အား သစ်သီးခြင်းလက်ဆောင် ပေးအပ်ပြီး မြန်မာနိုင်ငံမှ မျက်စိအထူးကု ဆရာဝန်များနှင့် အော်ဘစ်အဖွဲ့မှ မျက်စိအထူးကုဆရာဝန်များ ပူးပေါင်းဆောင်ရွက်နေသော မျက်စိရောဂါအမျိုးမျိုး ခွဲစိတ်ကုသခြင်းနှင့် သင်ကြားရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှု

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လေယာဉ်ကွင်းတွင် အတွင်းတိမ် ခွဲစိတ်နည်း တစ်ခုဖြစ်သော Phacoemolgification နည်းပညာအား လေ့ကျင့်သင်ကြားပေးခြင်း Simulator Mechine ကို အတွင်းတိမ်ခွဲစိတ်ခြင်းနှင့် အမြင်အာရုံကြောလွှာ Retina ခွဲစိတ်မှုများကို လေ့လာသင်ကြားနေခြင်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆောင်ရွက်

အဆိုပါ အော်ဘစ် မျက်စိကုဆေးရုံလေယာဉ်အဖွဲ့သည် ၁၉၉၁ ခုနှစ်မှစ၍ ရန်ကုန်နှင့်မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ယခုအကြိမ်အပါအဝင် စုစုပေါင်းကိုးကြိမ် မျက်စိရောဂါအမျိုးမျိုး ခွဲစိတ်ကုသပေးခြင်း၊ နောက်ဆုံးပေါ် မျက်စိရောဂါကုသနည်းပညာရပ်များ၊ မျက်စိခွဲစိတ်နည်းပညာရပ် သင်ကြားပို့ချပေးခြင်းနှင့် မျက်စိကု ကိရိယာများ လှူဒါန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

မတ် ၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်သို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၇ရပ်ကွက် ပင်လုံလမ်း အမှတ် ၁၁၇၉နေ ဒေါ်တင်သန့် (ရွှေမျိုးစု ကုန်စုံဆိုင်) မိသားစုက ဆေးပဒေသာပင် အလှူငွေကျပ် ၂၇သိန်းလှူဒါန်းရာ မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကတ္တရာလမ်းသစ်ဖွင့်

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် ဆေးရုံသွားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးဘေးရှောင် မလောင်ခင်တား

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး

သီလရှင်ဝတ်စုံများလှူဒါန်းပွဲ တက်ရောက်ကြည်ညို

နေပြည်တော် မတ် ၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရွှေမြိုင်သီရိ သီလရှင်စာသင်တိုက်ရှိ သီလရှင်အပါး ၁၂၀တို့အတွက် သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ရက်က ရွှေမြိုင်သီရိသီလရှင် စာသင်တိုက်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး၊ အလှူရှင်များနှင့် မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး ရှေးဦးစွာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း မိသားစုတို့က သီလရှင်ဝတ်စုံများကို ရွှေမြိုင်သီရိ စာသင်တိုက်မှ ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဣန္ဒာစာရီထံ ပေးအပ်လှူဒါန်းကြသည်။

လောင်းလှူ

ထို့နောက်သီလရှင်ဆရာကြီး ဆရာလေးများက မဟာသမယသုတ်ကို ရွတ်ပွားသရဇ္ဈာယ်ကြကာ သီလရှင်ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ ဒေါ်ဣန္ဒာစာရီထံမှ ရေစက်ချတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သီလရှင်ဆရာကြီး ဆရာလေးများအား လှူဖွယ်ပစ္စည်းများလောင်းလှူကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်း ဖွင့်ပွဲကို တက်ရောက်အားပေးစဉ်။ (အား/ကာ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် မတ် ၂ရက် နံနက်ပိုင်းက ဝန်းသိုမြို့နယ် ဆည်ကြီးကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ထီးချိုင့်မြို့နယ် ကျောက်အိုက်ကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက် တစ်လုံး၊ ဘိလပ်မြေ ၂၅အိတ်၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရွှေကျောင်းကျေးရွာ ရွှေပါရမီစာကြည့်တိုက် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး စာအုပ်မျိုးစုံနှင့်ဂျာနယ်များ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ရွှေကျောင်းရွာအသေးစား ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဆက်ကပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ရွှေကျောင်းရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ရန် ဘိလပ်မြေအိတ် ၅၀၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထီးချိုင့်မြို့ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသော တာဝန်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ဗလာစာအုပ်နှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ ကသာမြို့နယ် လမ်းခွကျေးရွာ ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ရန် ဘိလပ်မြေအိတ် ၅၀ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ရေစက်ချ

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထီးချိုင့်မြို့ လောကချမ်းသာရ ဘုရားသို့ သွားရောက်ဖူးမြော်ပြီး ကပ်ကျော်ဆုတောင်းပြည့် ဘုရား ပြုပြင်မွမ်းမံနေမှုကို ကြည့်ရှုစစ်ဆေး၍ အလှူငွေကျပ် ၄၈၀၀၀၀ လှူဒါန်းကာ မဟာလေသာကန် ပြုပြင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘိလပ်မြေအိတ် ၁၀၀ လှူဒါန်းသည်။ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မတ် ၃ရက်တွင် ထီးချိုင့်မြို့ရှိ လောကချမ်းသာရဘုရား၌ ကျင်းပသည့် ဓမ္မာရုံ ရေစက်ချ အခမ်းအနားသို့ တက်ရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကပ်လှူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ထောက်ပံ့

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ ကျေးလက် ဖွံ့ဖြိုးရေး အခြေစိုက်စခန်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် ကမ္ဘောဇကို အနိုင်ယူ ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာ ရောက်ရှိ ကမ္ဘောဇ၏ အမှတ်ပေးချန်ပီယံဖြစ်ရေး အိပ်မက်ပျက်ပြယ်

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ကိုကိုစိုးညွန့်

ရန်ကုန် မတ် ၇

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ကမ္ဘောဇ အသင်းတို့ ယနေ့ညနေ ၄ နာရီက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဘဏ္ဍာ/အခွန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

အဆုံးအဖြတ်

အဆင့်မြင့်တန်း အမှတ်ပေး ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲ ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး တက်ကုန် ရွက်စုံ ဖွင့်၍ ကြိုးစားကစားခဲ့ကြပြီး လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန် အသင်း ချန်ပီယံ ခြေစွမ်းပြသကာ တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ ယနေ့ပွဲ အနိုင်ရရှိခဲ့၍ ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းရန် အကောင်းဆုံး အနေအထားသို့ ရောက်ရှိခဲ့ပြီး နောက်ဆုံးပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးနှင့်ပွဲတွင် သရေတစ်မှတ်ရရုံမျှဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

ရန်ပိုင်၊ လွင်ဦး၊ အောင်ကျော်မိုး၊ အောင်အောင်ဦး(ဂိုး)တို့ဖြင့် လူစုံပါဝင်လာသည့် ဘဏ္ဍာ/အခွန်အသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ကမ္ဘောဇဘက်ကိုဖိကစားနိုင်ခဲ့သည်။ ကမ္ဘောဇ အလယ်တန်းလူများမှာ ခံစစ်သို့ဆင်းကူနေရ၍ တိုက်စစ်သို့ အချိန်မီအားဖြည့်ပေးနိုင်ခြင်း မရှိခဲ့သလို တိုက်စစ်အတွဲဖြစ်သည့် ကျော်သီဟနှင့် ထွန်းမင်းဦးတို့မှာ အချိတ်အဆက်လွဲနေ၍ ကမ္ဘောဇ တိုက်စစ် ပျောက်သလောက်နီးပါးဖြစ်နေသည်။

ပထမပိုင်း

လွင်ဦး၊ အောင်ကျော်မိုး၊ ရန်ပိုင်၊ စိုးမြတ်မင်း၊ ဇော်ထိုက်တို့၏ တိုက်စစ်တွဲလုံးများကို ဟန်ဝင်းအောင်နှင့် ရဝေဇင် လှုပ်ချိန်ပင်မရဘဲ ဘဏ္ဍာ/အခွန်က တစ်လုံးတည်းသော အနိုင်ဂိုး ရရှိသွားသည်။ ထို့နောက်ပိုင်းတွင် ကမ္ဘောဇတိုက်စစ်အား ပြန်တင်လာရာ ကျော်သီဟ၏ ကန်သွင်းမှုများကို အောင်အောင်ဦး ကာကွယ်လိုက်ရသည်။ ဘဏ္ဍာ/အခွန် အသင်းက အနိုင်ဂိုးကို ထိန်းကစားသွားနိုင်၍ ပွဲအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အခြေအနေ

ယနေ့ပွဲအပြီးတွင် ကမ္ဘောဇ အသင်းက ပွဲကုန် ၁၃ ပွဲကစား ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ၂၉ဂိုးသွင်း၊ ကိုးဂိုးပေး၊ ၂၉မှတ်၊ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်က ၁၂ပွဲကစား ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ၂၄ဂိုးသွင်း၊ ရှစ်ဂိုးပေး ၂၉ မှတ်ဖြင့် အမှတ်တူနေကြပြီး ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဇ က ပထမနေရာတွင် လည်းကောင်း၊ ဘဏ္ဍာ/အခွန်က ဒုတိယနေရာတွင် လည်းကောင်း ရပ်တည်နေသည်။ ဘဏ္ဍာ/အခွန်မှာ ကာကွယ်ရေးနှင့် တစ်ပွဲကစားရန်ကျန်သေးပြီး သရေကျရုံဖြင့် ချန်ပီယံဆုကို ဆွတ်ခူးရရှိမည် ဖြစ်သည်။ အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် စီးပွား/ကူးသန်းနှင့် တပ်မတော် (ကြည်း)တို့ ဂိုးမရှိသရေကျသွားသည်။ စီးပွား/ကူးသန်းမှာ ၁၂ပွဲကစား ၂၆ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။

ကျော်ဖြတ်

ဘဏ္ဍာ/အခွန်မှ ရန်ပိုင် ကမ္ဘောဇမှ ဟန်ဝင်း အောင် နှင့် အောင်သန်းဝင်းကို ကျော်ဖြတ်စဉ်။

(ဓာတ်ပုံ-ကိုကိုစိုးညွန့်)

လာရောက်အားပေး

ကမ္ဘောဇအသင်းသည် ယခုပွဲ အနိုင်ရရုံဖြင့် အနိုင်ရဖိုလ်စွဲမည်ဖြစ်၍ ဖိုလ်စွဲပါက မြင့်မားသောဆုကြေးချီးမြှင့်မည်ဟု ကြိုတင်ကြေညာထားခဲ့သလို ရန်ကုန်မြို့အတွင်းရှိ ကမ္ဘောဇဘဏ် အသီးသီးမှ ဝန်ထမ်းများက ကားကြီး၊ ကားငယ်အသွယ်သွယ်ဖြင့် လာရောက်ကာ ရှမ်းအိုးစည်များဖြင့် တစ်ခဲနက် အားပေးခဲ့ကြသော်လည်း ကမ္ဘောဇအသင်းမှာ ပုံမှန်ခြေစွမ်း ပျောက်ခဲ့ပြီး ဘဏ္ဍာ/အခွန် အသင်းကို ကစားကွက်အသာဖြင့် မကစားနိုင်ခဲ့၍ အဆင့်မြင့်တန်း အမှတ်ပေး ချန်ပီယံဖြစ်ရေးအိပ်မက်မှာ လွင့်ပြယ်ခဲ့ရသည်။

ဘဏ္ဍာ/အခွန် အသင်းကိုလည်း သက်ဆိုင်ရာ ဝန်ထမ်းများက လာရောက်အားပေးခဲ့ကြပြီး အမှတ်ပေးချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်၍ ပရိသတ်များ စိတ်ဝင်တစားလာရောက်အားပေးခဲ့ကြရာ ပရိသတ်အားပေးမှုနည်းပါးလေ့ရှိသော သုဝဏ္ဏကွင်းအထူးတန်းတွင်ပရိသတ်အားပေးမှု အသံများဖြင့် ဘဝင်ညံသွားခဲ့သည်။

ခြေအသာ

အသင်းခေါင်းဆောင်စိုးမြတ်မင်း၊ အေးဆန်းတို့ ဦးဆောင်သည့် ကမ္ဘောဇ နောက်တန်း မနားတမ်းဖျက်ထုတ်နေရသည်။ မိနစ် ၄၀ တွင် ညာခြမ်းမှ ခင်မောင်ထွန်း ဖြတ်တင်ပေးသော ဘောလုံးကို ဇော်ထိုက် ခေါင်းတိုက်သွင်းရာ ဂိုးသမား ရဝေဇင် အသည်းအသန် ပုတ်ထုတ်လိုက်ရသည်။ ပထမပိုင်းပြီးခါနီးတွင် ထောင့်ကန်ဘောမှ တစ်ဆင့် ဇော်ထိုက် ပိတ်ခွင့်ရသော်လည်း လွဲချော်သွား၍ ပထမပိုင်း အပြီးတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ကမ္ဘောဇအသင်း ကစားပုံပြန်ကောင်းလာ၍ ပွဲမှာအပြန်အလှန်ရှိလာသည်။၁၅မိနစ်တွင်ဘဏ္ဍာ/အခွန် ဂိုးသမားအောင်အောင်ဦး နေရာယူမှား၍ အောင်ကျော်ဦး ပိတ်ခွင့်ရသော်လည်း ဘဏ္ဍာ/အခွန် နောက်ခံလူ အချိန်မီ ဖျက်ထုတ်လိုက်နိုင်၍ ကမ္ဘောဇ နစ်နာခဲ့ရသည်။ ကျော်ကျော်ခိုင်အစား ကျော်သူရ ဝင်လာ၍ ဘဏ္ဍာ/အခွန် တိုက်စစ်အား ပိုကောင်းလာသည်။ ၂၃ မိနစ်တွင် အောင်ကျော်မိုး ညာခြမ်းမှ ဂိုးရှေ့ ဖြတ်ဆွဲဝင်ပြီး ထောင့်ဖြတ်ကန်သွင်းရာ နောက်ခံလူ အေးဆန်း ခြေထောက်ကြားမှဝင်ပြီး ဂိုးထောင့်ထဲသို့ ဝင်သွားရာ ကမ္ဘောဇဂိုးသမား

သူတို့ပါဝင်ကြ

ဘဏ္ဍာ/ အခွန်အသင်းတွင် **(ဂိုး)** အောင်အောင်ဦး၊ **နောက်တန်း**- ခင်မောင်ထွန်း၊ မင်းမင်းအောင်၊ သူရအောင်၊ စိုးလင်းထွန်း၊ အလယ်တန်း အောင်ကျော်မိုး၊ လွင်ဦး၊ ကျော်ကျော်ခိုင် (ကျော်သူရ)၊ ရန်ပိုင်၊ ဇော်ထိုက် (သိန်းထွန်းဝင်း)နှင့် **ရှေ့တန်း** တွင် စိုးမြတ်မင်း (ကျော်ကျော်စိုး)တို့ ပါဝင်ကစားသွားကြသည်။ကမ္ဘောဇအသင်းတွင် **(ဂိုး)** ရဝေဇင်၊ **နောက်တန်း**- အောင်ကျော်ဦး၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ ဉာဏ်လွင်၊ **အလယ်တန်း**- နေဝင်း (ရဲမောင်မောင်)၊ အောင်သန်းဝင်း(စိုင်းကျော်သူရအောင်)၊ နေဇော်ထက်၊ အောင်မျိုး၊ **ရှေ့တန်း**-ကျော်သီဟနှင့် ထွန်းမင်းဦး(ရာဇာစိုး)တို့ ပါဝင်ကစားခဲ့ကြသည်။ ။

(မြန်မာ့အလင်း)

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် မတ် ၇

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ နိုင်ငံတော်ကဆက်ကပ်သည့် ဘာသာရေးဆိုင်ရာဘွဲ့တံဆိပ်တော် ခံယူတော်မူသော ပေါက်ခေါင်းမြို့ ပညာဓာတာရုံကျောင်းတိုက်မှ စာချဆရာတော် ဘဒ္ဒန္တ ကေမဟာဂန္ထဝါစကပဏ္ဍိတအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် တိုက် ၆၈ အခန်း၄ ဆရာကြီးဦးထွဋ်၏ နေအိမ်နှင့် မျက်နှာချင်းဆိုင်ရှိ သာသနဟိတကာရီဓမ္မာရုံ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်စာရင်းပေး

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံအသင်းဝင်များနှင့် အသင်းဝင်များ၏ မိဘများ၊ ၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများစာရင်းကို မတ်၁၄ရက် နောက်ဆုံးထား၍ အထောက်အထားများနှင့်အတူ နာယက ဦးထွဋ် ဖုန်း-၃၈၇၅၃၄၊ နာယက ဦးငွေအောင် ဖုန်း-၂၉၇၈၇၆၊ အတွင်းရေးမှူး ဦးထွေးမြင့် ဖုန်း-၅၈၀၆၁၈၊ ဒေါ်ခင်လေးမြင့် ဖုန်း-၃၇၄၉၆၅နှင့် ဦးကြိုင်အေး ဖုန်း-၇၂၀၁၇၂တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ပြီး အသင်းဝင်သူဖြစ်စေ၊ မဝင်ရ သေးသူဖြစ်စေ ပေါက်ခေါင်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး မိသားစုနှင့်အတူ စုံညီစွာ(မပျက်မကွက်)တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ဆွမ်းဆန်စိမ်းလောင်းလှူ

မတ် ၆ရက်က မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်မှု အထိမ်းအမှတ် ရေစက်ချပွဲ၊ စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စေတီတော်ရင်ပြင်ပေါ်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။

(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက်
၉-၃-၂၀၀၈ ရက်နေ့
နှင့်
၂၃-၃-၂၀၀၈ ရက်နေ့

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၃-၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**'သမ္မာသမ္ဗုဒ္ဓဂုဏ်တော်'** တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈:၀၀ - ၂:၀၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၈:၁၀ - ၂:၁၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၅ - ၂:၃၅	လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၈:၅၅ - ၂:၅၅	တေးဂီတအစီအစဉ်
၉:၀၀ - ၃:၀၀	အိမ်တွင်းမှုအတတ်ပညာ သင်တန်းကျောင်း
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅ - ၃:၃၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)
၉:၅၀ - ၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ - ၃:၅၅	သရဖူမဂ္ဂဇင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်ပွဲ
၁၀:၁၅ - ၄:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀ - ၄:၂၀	ကုသမနေ့ တီဘီဘေး (ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)
၁၀:၃၅ - ၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၅ - ၄:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀ - ၄:၅၀	**Yangon Panorama (Myanmar e-Book)** (၅)နှစ်ပြည့်အခမ်းအနား
၁၁:၁၅ - ၅:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀ - ၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅ - ၅:၂၅	ဆင်ယင်ရိုးရာ တို့မြန်မာ
၁၁:၅၀ - ၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅ - ၅:၅၅	တစ်ပတ်အတွင်း အားကစားသတင်း
၁၂:၁၀ - ၆:၁၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၆)
၁၂:၃၅ - ၆:၃၅	Celebrity Style (ရေဗက္ကာဝင်း)
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၁၀	Man Utd-**Portsmouth**	**Star Sports(Live)**
၁၁:၅၅	**Barnsley-Chelsea**	**Star Sports(Live)**

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Blackburn-Fulham	**ESPN(Live)**
	Liverpool-Newcastle	**Star Spors(Live)**
၁၁:၅၅	**Reading-Man City**	**ESPN(SDD)**

Series- A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Inter Milan-Reggina	**5-Cartoon (Live)**

ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်သုတ်စေတီတော် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်တင်လှူပွဲ

မော်လမြိုင် မတ် ၆

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ရှိ ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် စိန်ဖူးတော်တင်လှူပွဲကို မတ် ၂၁ရက်(တပေါင်းလပြည့်နေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။(ဝဲပုံ)

ရွှေသင်္ကန်းကပ်လှူရန်နှင့် စိန်ဖူးတော်တင်လှူပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သုတ်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးရွှေရင် ဖုန်း-၀၅၇-၂၅၃၃၁၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော် ဖုန်း-၀၅၇-၂၅၅၉၂နှင့် အတွင်းရေးမှူး ဦးမျိုးခိုင် ဖုန်း-၀၅၇-၂၄၆၉၀၊မော်လမြိုင်အသင်း (ရန်ကုန်) ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယာ ဖုန်း-၀၁-၂၅၆၁၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၁၄)

မောင်ဖုံဝေယံမင်းနှင့် မိသားစုက တစ်နေ့တာ ဆွမ်းအလှူအတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းကို တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရွာများ သန့်ရှင်းသပ်ရပ် သာယာလှပရေး လမ်းညွှန်ချက် (၁၆)ချက်နှင့်အညီ မြစ်ကြီးနားမြို့တော်အား သန့်ရှင်းသပ်ရပ်သာယာလှပပြီး ကျန်းမာရေးနှင့်ညီညွတ်သော မြို့ဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။

ကြီးကြပ်ဆောင်ရွက်

ထို့နောက် ဇန်နဝါရီ ၃၀ရက်က လက်ထောက် အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့်ဝန်ထမ်းများသည် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် မြို့ဝင်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ် သာယာလှပရေး ဆောင်ရွက်ခြင်း၊ မြို့ဝင်ဆိုင်းဘုတ်ဝန်းကျင်မြေခင်းအလှပြုပြင်ပြီး ရာသီပန်းများ ဖြည့်စွက်စိုက်ပျိုးခြင်းနှင့် မြို့ဝင်ဆိုင်းဘုတ်နှင့်မြို့ဝင်ပတ်ဝန်းကျင် လမ်းဝဲ၊ယာ ချုံနွယ်များ မရှိစေရေး စုပေါင်း ဆောင်ရွက်ကြသည်။

ကွင်းဆင်း

ယင်းသို့ ဆောင်ရွက်ရာတွင် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်နှင့် ဦးစီးအရာရှိ ဦးဂျွန်စယ်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဇန်နဝါရီ ၂၀ရက်က တောင်ငူမြို့ ကင်းဆိပ်လမ်း အလျား ပေ၂၈၀၀၊ အကျယ် ၁၂ပေ အဆင့်မြှင့်ကတ္တရာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

လင်းခေး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

လင်းခေး ဖေဖော်ဝါရီ ၂၅

လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀နာရီခွဲက လင်းခေးမြို့နယ် နမ့်နော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ စာအုပ်များ လှူဒါန်းခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအကြောင်း ဆွေးနွေးဟောပြောပွဲအခမ်းအနား ကျင်းပသည်။(အောက်ပုံ)

လက်ခံယူ

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ငွေးနှင့် မြို့နယ်ပညာရေးမှူး ဦးစိန်အောင်တို့က ကျောင်းအတွက် ဗလာစာအုပ်၊ခဲတံနှင့်ဂျာနယ်၊မဂ္ဂဇင်းစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းစံထွန်းနှင့် ဆရာမများက လက်ခံယူသည်။

ဟောပြောဆွေးနွေး

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး မောင်ဆန်း၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးအယ်လ်စိုးထန်တူးနှင့်မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမင်းမော်တို့က ကဏ္ဍအလိုက် ဟောပြောဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကော့သောင်းခရိုင် ကရသူရိမြို့အထကသို့ ရုပ်မြင်သံကြားဖမ်းစက် လှူဒါန်း

ကော့သောင်း ဖေဖော်ဝါရီ ၂၂

ကော့သောင်းခရိုင် ကရသူရိမြို့ အခြေခံပညာ အထက်ကျောင်းသို့ ကော့သောင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကသင်ထောက်ကူပစ္စည်းအဖြစ် ရုပ်မြင်သံကြားစက်နှင့် ဒီဗွီဒီပြစက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ ကော့သောင်း ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်က အမှာစကားပြောကြားပြီး၊ အယ်လ်ဂျီ အမျိုးအစား ၂၉လက်မရောင်စုံ ရုပ်မြင်သံကြားစက်နှင့်အယ်လ်ဂျီ အမျိုးအစားဒီဗွီဒီပြစက်တစ်စုံကို ကျောင်းအုပ်ဆရာကြီး ဦးမြင့်သန်းသို့ ပေးအပ်လှူဒါန်းသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာချီလိတ်မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆန်ဆိုင်း(ခ)ရပ်ကွက် ဟံသာဝတီလမ်းဘေး ရေနုတ်မြောင်းအတွင်းရှိ အမှိုက်များ၊ နုန်းများအား မြေတူးစက်ဖြင့် ဆယ်ယူနေမှုကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူက ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

တံတားကူးကျေးရွာ မိုးကုတ် တရားစခန်းပွဲ ကျင်းပမည်

မြောင်းမြ မတ် ၃

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် တံတားကူးကျေးရွာ သဒ္ဓမ္မပညာရောင်ခြည်ကျောင်းတိုက်အတွင်း ပထမအကြိမ် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို (တပေါင်းလဆန်း ၉ရက်မှ၁၄ရက်) မေ ၁၅ရက်မှ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကို သဒ္ဓမ္မပညာရောင်ခြည်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာစက္က အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရှင်းလင်းတင်ပြ

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဖေဖော်ဝါရီ ၁၆ရက်က လှည်းကူးမြို့ ပြည်တော်သာရပ်ကွက် ရင်းတိုက်ပင် ကတ္တရာလမ်း လမ်းပခုံးကပ် ဆောင်ရွက်နေမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

8-3-08 (15).pmd 1 3/8/2008, 1:20 AM

ဖေဖော်ဝါရီ ၂ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သောပေါင်းတလည်-ချောင်းခေါင်း-သပြေတောင် ကျေးလက်မြေနီလမ်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ခရိုင် ဥက္ကဋ္ဌဦးအောင်ခင်အား မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းက အထိမ်းအမှတ် အလံငယ် ပေးအပ်စဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့နယ်၌ စက်ရေတွင်းဖွင့်

သာစည် ဖေဖော်ဝါရီ ၁၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက မဲတောကျေးရွာတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်အောင်က အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တိုးက စက်ရေတွင်းတူးဖော်ပေးခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်္ဂလာအချိန်တွင် စက်ရေတွင်းကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်ပင်အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။(ဝဲပုံ)

ကုန်ကျ

ယခုဖွင့်လှစ်သော စက်ရေတွင်းမှာ တန်ဖိုးငွေကျပ် ၁၈သိန်းကုန်ကျပြီး တွင်းအနက် ပေ ၁၈၀တွင် ရေထွက်ရှိခဲ့သည်။ ရေထွက်အားမှာ တစ်နာရီ ဂါလန် ၆၀၀နှုန်း ထွက်ရှိပြီး တွင်းအမျိုးအစားမှာ နှစ်လက်မ စက်ရေတွင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းတော်ပေါ်ရှိ ဝရဒါဠာဓာတုစေတီယစွယ်တော်မြတ်စေတီတော်ကြီးတွင် ဖေဖော်ဝါရီ ၁၇ရက်က ရန်ကုန်မြို့နေ ဟိန္ဒူမိသားစုများ စုပေါင်း၍ ဗုဒ္ဓဝေယျာဝစ္စဆောင်ရွက်ခြင်း၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်း၊ အလှူငွေများ လှူဒါန်းခြင်း ကျင်းပရာ မိသားစုများကိုယ်စား ဥက္ကဋ္ဌ ဦးစိန်ဌေးနှင့် အတွင်းရေးမှူး ဦးစိန်လွင်တို့က အလှူငွေကျပ် ၁၁၁၁၁၁ကို ဂေါပကအဖွဲ့ထံ လှူဒါန်းစဉ်။ (က-ပ)

ကရဏာ သွေးလှူရှင်အသင်းပွဲ့စည်း

ကျောက်မဲ ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အစ္စလာမ်လူငယ်များအသင်း၊ ဟိန္ဒူဓမ္မရာလာအသင်းနှင့် မြို့ပေါ်ကိုးရပ်ကွက်ရှိ သွေးလှူရှင်များ ပူးပေါင်းပါဝင်သော ကရဏာသွေးလှူရှင်များအသင်းကို ဖေဖော်ဝါရီ ၆ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးတွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါ အသင်းကြီးအနေဖြင့် ချို့တဲ့နွမ်းပါး လူမမာများကို လိုအပ်သောသွေး၊ ဆေးဝါးအာဟာရများနှင့် သွေးလှူရှင်များအား ဖြည့်စွက်အာဟာရများ ပံ့ပိုးလှူဒါန်းရန် ရည်ရွယ်၍ ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က မြို့မဈေးကြီးအတွင်း ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးဦးခင်မောင်ကိုတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက် အဆောက်အအုံသစ် ပုသိမ်၌ဖွင့်

ပုသိမ် ဖေဖော်ဝါရီ ၂၈

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ပြည့်အားမာန် အဆောက်အအုံသစ် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၈နာရီက ပုသိမ်မြို့ အမှတ် ၉ရပ်ကွက် သင်္ဘောကျင်း-စိန်ကုန်းကမ်းနားလမ်းရှိ အဆိုပါ အဆောက်အအုံသစ်ရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်၊ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးဝင်းရွှေ၊ ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်နှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ထို့နောက် ပြည့်အားမာန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်အား အမှတ်(၉) ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးနိုင်ဦး၊ World Vision အဖွဲ့ခေါင်းဆောင် ဒေါ်ညွန့်ညွန့်သိန်းနှင့်ပုသိမ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာလာဝင်းတို့က စာကြည့်တိုက် အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အခမ်းအနားတွင် World Vision အဖွဲ့ခေါင်းဆောင် အလှူရှင် ဒေါ်ညွန့်ညွန့်သိန်းက ပြည့်အားမာန် စာကြည့်တိုက်ကဲ့သို့ရောင်ခြည်ဦးစာကြည့်တိုက်၊

ဘိုးရာဇာစာကြည့်တိုက်များ ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၁၀၀ကို ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြောက်ပိုင်းဈေးရှိ ဈေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးအတွင်း၊ အပြင်ရေမြောင်းများဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ၂၂ရက်က ဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးသီဟထွန်းနှင့် ဒုတိယဦးစီးမှူး (ဈေး)ဦးတိုးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၇)

ကျောက်တံခါး၌ မျက်စိစမ်းသပ်ကုသပေး

ကျောက်တံခါး ဖေဖော်ဝါရီ ၂၅

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးဒေသကြီး(၄)မှ ဒေသဆိုင်ရာ မျက်စိကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်ကြူ ဦးဆောင်သော မျက်စိကွင်းဆင်းအဖွဲ့များသည် ကျောက်တံခါးမြို့ပေါ် (၅)ရပ်ကွက်နှင့် မြို့နယ်တွင်းရှိ ဘုရားရွာ၊ သူဌေးကုန်းနှင့် ရေလျှံကျေးရွာများရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ကုသပေးခြင်းနှင့် ပညာပေးဟောပြောခြင်းများကို ဇန်နဝါရီ ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပပြီး ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင်များအား မျက်စိကုဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း ပဲခူးမြို့သို့ ခေါ်ယူကုသပေးလျက်ရှိကြောင်း သိရသည်။ **(ဝ၆၇)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်လျက်ရှိသော ငပုတောမြို့နှင့် စက်ဆူကျေးရွာ ကျေးလက်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၃ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ဦးခင်မောင်စိုးတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဖေဖော်ဝါရီ ၁၈ရက်က ပွင့်ဖြူမြို့ ဒေါနလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ဆုများချီးမြှင့်

နေပြည်တော် မတ် ၇

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၈နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ကျင်းပရာ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ ဆုများချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲသို့ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများသည် စုရပ်မှ စစ်ရေးပြကွင်းသို့ ချီတက်နေရာယူကြကာ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား အလေးပြုကြပြီး နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် (၆၃)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ၌ စစ်တီးဝိုင်းဆု တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငွေကျပ် ၁၀သိန်းနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ငွေကျပ်၁၅သိန်းနှင့် ဒိုင်းဆုကိုလည်းကောင်း၊ ပထမဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ငွေကျပ်သိန်း၂၀နှင့် ဒိုင်းဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်တီးဝိုင်း ဒုတိယဆု

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ၌ စစ်တီးဝိုင်းဆု ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ဒိုင်းဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အနောက်အုပ်စု နယ်ချဲ့နိုင်ငံကြီးများမှအပ သမာသမတ်ရှိပြီး အမြင်ကြည်လင်သော ကမ္ဘာ့နိုင်ငံအများအပြားက နိုင်ငံတော်၏ကြေညာချက်တို့အပေါ် အပြုသဘော အကောင်းမြင်ဝါဒဖြင့် ကြိုဆိုနေကြသည်။

ဤသို့အကောင်းမြင်ဝါဒဖြင့် အပြုသဘောဆောင်ပြီး ကြိုဆိုကြသောနိုင်ငံများအား ပြည်သူတို့က ကျေးဇူးတင်ကြရမည်သာဖြစ်၏။

ရဲဘော်တင်ရွှေ၏ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးကို ရှေးရှုသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။